http://www.dhammadownload.com

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၃၂)

# အရှင်အာနန္ဒ၏ ဝိပဿနာ

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာစုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

http://www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# အရှင်အာနန္ဒ၏ ဝိပဿနာ

http://www.dhammadownload.com

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၏ ခွင့်ပြုချက်
စာအမှတ် ၁၁၉/၀၁/(ပုံနှိပ်) သသန-၁၀ အရ
၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀

ထုတ်ဝေသူ
သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ်(၀၃၈၄၃/၀၂၄၀၅) က ပုံနှိပ်ထုတ်ဝေသည်။

မျက်နှာဖုံးဒီဇိုင်း၊ အတွင်းဖလင်နှင့်ပုံနှိပ်
အောင်ဇမ္ဗူပုံနှိပ်တိုက်
အမှတ် ၁၅၂ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

1B

http://www.dhammadownload.com

# မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၃ ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၁ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၅)ရက်၊ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မလွန်ဆန်လှူအသင်းထောက်နှင့် တိပိဋက နိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့ (၃၃)ကြိမ်မြောက် မလွန် ဆွမ်းဆန်တော်နှင့် တစ်နှစ်တာ လှူဒါန်းမှု အစုစုတို့ ရေစက်ချ မင်္ဂလာဘင် အခမ်းအနားဝယ် ဟောကြား အပ်သော "အရှင်အာနန္ဒ ၏ ဝိပဿနာ" တရား ဒေသနာတော်။

http://www.dhammadownload.com

http://www.dhammadownload.com

# အရှင်အာနန္ဒ ၏ ဝိပဿနာ

အရှင်အာနန္ဒ ဆိုတာ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ အားလုံးလောက်နီးနီး သိကြတယ်။ မြတ်စွာဘုရားရဲ့ ညီတော်ဝမ်းကွဲ၊ မြတ်စွာဘုရားကို အလုပ်အကျွေးပြုပြီး ဧတဒဂ် ၅ တန်ဖြင့် ချီးကျူးမြှောက်စားခြင်းခံရတဲ့ ပုဂ္ဂိုလ်ပဲ။ ရှင်အာနန္ဒ ဟာ သာသနာတော်မှာ အလွန်ထင်ရှားတဲ့ ရဟန်းတော်တစ်ပါး ဖြစ်သည့်အတွက် ရှင်အာနန္ဒရဲ့ အကြောင်းကိုတော့ သိပြီးသားဖြစ်ကြလိမ့်မယ်။ မြတ်စွာဘုရား ပထမဆုံးအကြိမ် ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တဲ့အခါမှာ သုဒ္ဓေါဒနမင်းကြီးက မြတ်စွာဘုရားရဲ့ အခြံအရံအဖြစ် သာကီဝင် မင်းသားတွေ ရဟန်းဝတ်ဖို့ တိုက်တွန်း

http://www.dhammadownload.com



တယ်။ ကပိလဝတ် နေပြည်တော်မှာရှိတဲ့ သာကီဝင်မင်းသားတွေဟာ မြတ်စွာဘုရား နောက်တော်က လိုက်ပါပြီးတော့ ရဟန်းပြုကြတယ်။ အဲဒီထဲမယ် ရှင်အာနန္ဒတို့က အုပ်စုတစ်စုပေါ့။ ရှင်အနုရုဒ္ဓတို့၊ ရှင်ဘဒ္ဒိယတို့၊ ရှင်ကိမိလတို့၊ ရှင်အာနန္ဒ တို့ပါဝင်တဲ့ သာကီဝင်မင်းသား (၆)ယောက်ဟာ မြတ်စွာဘုရား ကပိလဝတ်ကနေပြီး ဝေသာလီပြည် ကြွသွားတဲ့အခါ ဘုရားနောက် လိုက်သွားပြီးတော့ သက်န်းဝတ်ခဲ့ကြတယ်။

ပြီးတော့ ရှင်အာနန္ဒ ဆိုတာ မြတ်စွာဘုရားရဲ့ ဖွားဘက်တော် စာရင်းကို "**အာ ဗော ကာ ယ ဆန် ရွှေ ကဏ်**" လို့ အတိုကောက်လုပ်ထားတဲ့ အထဲမယ် **အာ** ဆိုတာ ရှင်အာနန္ဒကိုပြောတာ၊ **ဗော** ကတော့ ဗောဓိပင်ပေါ့။ **ကာ** က ကာဠုဒါယီ၊ **ယ** က ယသောဓရာ၊ **ဆန်** က မြင်းတော်ခံ မောင်ဆန်၊ **ရွှေ**ကရွှေအိုးကြီးလေးလုံး၊ **ကဏ်** က ကဏ္ဍကမြင်း။ မြတ်စွာဘုရား အလောင်းတော် မွေးဖွါးလာတာနဲ့

http://www.dhammadownload.com



တစ်ပြိုင်နက် အဲဒီပုဂ္ဂိုလ်များနဲ့ ဗောဓိပင်တို့၊ ရွှေအိုးကြီး တို့ဆိုတာ မြတ်စွာဘုရား မွေးဖွါးလာတဲ့နေ့မှာ စတင် ပေါ်ပေါက်လာလို့ ဖွါးဘက်တော်လို့ ဒီလိုပြောကြ တယ်ပေါ့။ အဲဒီတော့ ရှင်အာနန္ဒ မထေရ်မြတ် ကလည်း မြတ်စွာဘုရားနဲ့ ဖွါးဘက်တော်ဆိုတော့ မြတ်စွာဘုရားနဲ့ သက်တော်ရွယ်တူလို့ မှတ်ရမယ်။

မြတ်စွာဘုရားနဲ့ဖွါးဘက်တော်တွေထဲက လူသား အနေနဲ့ အာနန္ဒ ရှိတယ်၊ ကာဠုဒါယီ ရှိတယ်၊ ယသော ဓရာ ရှိတယ်၊ ဆန္န ဆိုတဲ့မြင်းတော်ခံအမတ် ရှိတယ်။ အဲဒီပုဂ္ဂိုလ်တွေကို ဗေဒင်ဆရာတွေက ဇာတာဖွဲ့ကြည့် လိုက်မယ်ဆိုရင် တစ်နေ့ထဲ တစ်ချိန်ထဲ ဖွားတာဖြစ်လို့ ဇာတာခွင်တူမနေဘူးလား၊ ဇာတာခွင် တူနေတဲ့ အထဲ မယ် သိဒ္ဓတ္ထမင်းသား တစ်ပါးသာလျှင် ဘုရားဖြစ်ပြီး ကျန်တာတွေ ဘုရားမဖြစ်ဘူးတဲ့။ ဇာတာခွင် တူနေ တယ်ဆိုရင် အကုန်လုံး ဘုရားဖြစ်ရမယ့်ကိန်းပေါ့ နော်။

http://www.dhammadownload.com



အဲဒါနဲ့ ပတ်သက်ပြီး ဆရာတော်ကြီးနှစ်ပါး ဆွေးနွေးတာ ကြားဖူးတယ်။ ဆရာတော်ကြီးတစ်ပါး ကပြောတယ်။ ဘုရားနဲ့ ဖွားဘက်တော် တစ်နေ့ထဲ တစ်ချိန်ထဲဖွါးလို့ ဇာတာခွင်တူတဲ့ ပုဂ္ဂိုလ်တွေထဲက ဘုရားအလောင်းသာလျှင် ဘုရားဖြစ်ပြီး ကျန်တဲ့ ပုဂ္ဂိုလ်တွေက ဘုရားမဖြစ်ဘူးတဲ့။ ဒီထဲမှာ ကဏ္ဍက မြင်းဆိုတဲ့ တိရစ္ဆာန် တစ်ကောင်လည်း ပါသေး တယ်လေ။ အဲဒီတော့ ဇာတာခွင် တူလျက်သားနဲ့ ဘာ့ကြောင့် ဘုရားမဖြစ်တာတုန်း။ ဒါကြောင့် ဗေဒင် ဆိုတာ ယုံစရာမရှိဘူးလို့ ဆရာတော်ကြီး တစ်ပါးက ပြောတယ်။

ကျန်ဆရာတော်ကြီးတစ်ပါးက "ကိုယ်တော်က ပရိတ်ကြီးမရဘဲနဲ့ စွာကျယ် စွာကျယ် ပြောမနေနဲ့" ပြောလိုက်တယ်။ သူ့ကို ပရိတ်ကြီးမရဘူး ပြောလိုက် တော့ အဲဒီဆရာတော်က "ဟာ ကိုယ့်လူပြောပါဦး၊ ပရိတ်ကြီးမရဘူးဆိုတာ ဘယ်လိုတုန်း" ဆိုတော့ ပရိတ်ကြီးထဲပါတယ် မဟုတ်လား။ "ပူရေနွံ

http://www.dhammadownload.com



မောဓိသမ္ဘာရေ” လို့။ ဘုရားဖြစ်ဖို့ရာအတွက် ပါရမီတွေကို ဆည်းပူး အားထုတ်ထားတဲ့သူမှ ဘုရားဖြစ်တော့မပေါ့၊ ဖွါးဖက်တော်ဖြစ်ရုံနဲ့ ဘယ်ဘုရားဖြစ်မတုန်း။ ဒါကြောင့် ကိုယ်တော့်ကို ပရိတ်ကြီးမရဘူးလို့ပြောတာ။

ပေဒင်ကိန်းခန်းနဲ့ ကြည့်လိုက်မယ်ဆိုရင် ဇာတာခွင် တူနေရင် အကျိုးပေးခြင်း မတူသင့်ဘူးလား၊ တူသင့်ပေမယ့် အဲဒီထဲမှာ ပါရမီဆိုတာ ရှိသေးတယ်။ ဒီနေ့ ဒီရက် မွေးပေမယ့်လို့ ဘုရားဖြစ်ကြောင်း ပါရမီတရားကောင်းတွေ စုဆောင်းထားတဲ့ ပုဂ္ဂိုလ်မှသာ ဘုရားဖြစ်နိုင်တော့မပေါ့လို့ ဖြေသတဲ့နော်။ အေး၊ ဒါလဲပဲ မှတ်သားစရာ တစ်ခုပေါ့နော်။

ရှင်အာနန္ဒ မြတ်စွာဘုရား နောက်တော်ကနေလိုက်ပြီး ရဟန်းပြုတယ်ဆိုတဲ့အချိန်မှာ မြတ်စွာဘုရားက ၃၇ နှစ်ခန့် အရွယ်မှာပေါ့။ ဘုရားဖြစ်တာက ၃၅ နှစ်အရွယ်မှာ ဘုရားဖြစ်တာ။ ကပိလဝတ်ပြည်ကြွတဲ့အခါကျတော့ ၃၇ နှစ်ဆိုပါစို့။ အဲဒီတော့ အရှင်

http://www.dhammadownload.com



အာနန္ဒက ၃၇ နှစ် အရွယ်မှာ သက်န်းဝတ်တယ်။ ရှင်ဒေဝဒတ်တို့၊ ရှင်အနုရုဒ္ဓတို့၊ ရှင်ဘဒ္ဒိယတို့နဲ့ အတူတကွ ထွက်လာကြပြီး ဘုရားထံ သက်န်းဝတ်ကြတယ်။ အဲဒီလို သက်န်းဝတ်တဲ့အခါ ရှင်အာနန္ဒဟာ ပထမဝါတွင်းမှာပဲ သောတာပန်ဖြစ်သွားတယ်။

ရှင်အာနန္ဒ ဘာကြောင့် သောတာပန်ဖြစ်သွားသလဲ၊ ဘယ်သူ့တရားနာပြီး သောတာပန်ဖြစ်သွားသလဲလို့ ပိဋကတ်စာပေ ရှာဖွေကြည့်ရှုတဲ့အခါ သံယုတ္တနိကာယ်မှာ အာနန္ဒသုတ်ဆိုတာ ရှိတယ်။ အဲဒီ အာနန္ဒသုတ်မှာ ရှင်အာနန္ဒက သူ့အကြောင်း သူပြန်ပြောထားတယ်။ သူဘာဖြစ်လို့ ဘယ်သူ့တရားနာပြီးတော့ သောတာပန်ဖြစ်တယ် ဆိုတဲ့အကြောင်းကို သူ ပြန်ပြောထားတယ်။

ရှင်အာနန္ဒ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတဲ့အချိန် ဓမ္မကထိက အရာမှာ တေဒဂ်ရတဲ့ ရှင်ပုဏ္ဏဆိုတာရှိတယ်။ မန္တာဏီပုဏ္ဏေးမရဲ့ သားဖြစ်တဲ့ ရှင်ပုဏ္ဏ။ ဟို သုနာပရန္တမှာ သာသနာ

http://www.dhammadownload.com



ပြုတဲ့ ရှင်ပုဏ္ဏ က တစ်ပါး။ အခု ဒီ မန္တာဏိပုတ္တပုဏ္ဏ ဆိုတာ ဓမ္မကထိကအရာမှာ ဧတဒဂ် ရတယ်။ သူက ကပိလဝတ်မြို့သား။ ဓမ္မစကြာတရားဦး နာပြီးတော့ ပထမဦးဆုံးသောတာပန်ဖြစ်သွားတဲ့ အရှင်ကောဏ္ဍည ရဲ့ တူတော်တယ်။ အင်မတန် ထူးချွန်ထက်မြက်တဲ့ ပုဂ္ဂိုလ်တစ်ပါး။ အဲဒီ ရှင်ပုဏ္ဏရဲ့ တရားကို နာပြီးတော့ ရှင်အာနန္ဒ သောတာပန်ဖြစ်တယ်။

ရှင်အာနန္ဒက ရဟန်းတွေကို ပြန်ပြောပြတယ်။ "ငါ့ရှင်တို့ အရှင်ပုဏ္ဏဟာ တို့အဖို့ အလွန်ကျေးဇူးကြီးမားတဲ့ ပုဂ္ဂိုလ်ပဲ၊ ဒို့လို သာသနာ့ဘောင် ဝင်လာခါစ ရဟန်းငယ်တွေအတွက် အင်မတန်မှအားကိုးရတဲ့ ပုဂ္ဂိုလ်ပဲ။ တို့တစ်တွေဟာ အရှင်ပုဏ္ဏက တရားကို အသေးစိတ်ရှင်းပြတာနာရလို့ တရားထူး တရားမြတ် ရခဲ့ကြတယ်" လို့ ရှင်းပြပြီး အရှင်ပုဏ္ဏက ဘယ်လို တရားဟောခဲ့တာတုန်းဆိုတာ ဆက်ပြီးရှင်းပြတယ်။

အရှင်ပုဏ္ဏ ဟောခဲ့တဲ့ တရားလေးက "ဥပါဒါယ အာဝုသော အသ္မိတိ ဟောတိ နော အနုပါဒါယ"

http://www.dhammadownload.com



တဲ့။ ရှင်းရှင်းလေးပဲ၊ "ငါ ဆိုတဲ့ အတွေးဟာ တစ်စုံ တစ်ခုကို မှီပြီးတော့မှ ပေါ်လာတာ၊ အမှီမပြုဘဲ မပေါ်ဘူး" တဲ့။ လောကလူတွေရဲ့ ငါဆိုတဲ့ အတွေး၊ ငါ့ဟာဆိုတဲ့ အတွေးဟာ ဘာကိုစွဲမှီပြီးတော့ တွေးနေကြတာတုန်း။

အရှင်ပုဏ္ဏက ရှင်းပြတယ်။ "ငါ့ရှင် အာနန္ဒ၊ ငါဆိုတဲ့ အတွေးဟာ စွဲမှီပြီးတော့ ပေါ်လာတာ၊ မစွဲမှီဘဲ ပေါ်လာတာ မဟုတ်ဘူး။ ဘာကို စွဲမှီပြီး ပေါ်လာတာတုန်းဆိုရင် ဟောဒီ ခန္ဓာငါးပါးကို စွဲမှီပြီး ပေါ်လာတာ။ ရုပ်ကို စွဲမှီပြီးတော့ ငါဆိုတဲ့ အတွေး ပေါ်လာတယ်၊ ခံစားချက်ကို စွဲမှီပြီးတော့ ငါဆိုတဲ့ အတွေး ပေါ်လာတယ်။ စိတ်ထဲက မှတ်သားမှုဆိုတဲ့ အမှတ်သညာကို စွဲမှီပြီးတော့ ငါဆိုတဲ့အတွေး ပေါ်လာတယ်။ အေး ကြံတွေးခြင်း၊ သိခြင်း စတဲ့ စိတ်ရဲ့လှုပ်ရှားမှုဆိုတဲ့ သင်္ခါရတွေကို စွဲမှီပြီးတော့ ငါဆိုတဲ့အတွေးပေါ်လာတာ၊ အသိစိတ်ဆိုတဲ့ ဝိညာဏ်ကို စွဲမှီပြီးတော့ ငါဆိုတဲ့အတွေး ပေါ်လာတာ။ အဲဒီ

http://www.dhammadownload.com



ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် လို့ဆိုတဲ့ ခန္ဓာငါးပါးကို မမှီဘဲနဲ့ ငါဆိုတဲ့အတွေး မပေါ်ဘူး’။

ခန္ဓာငါးပါးဟာ လောကလူတွေ ငါလို့ ထင်မှတ်စရာပဲ။ “ငါ”ဆိုတဲ့အတွေးဟာ မာနအတွေး၊ “ငါ့ဟာ” ဆိုတဲ့ အတွေးဟာ တဏှာအတွေး။ အဲဒီ တဏှာ၊ မာန ဆိုတဲ့ ဒီမှားယွင်းနေတဲ့ အတွေးတွေဟာ မိမိတို့ သန္တာန်မှာရှိတဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို စွဲမှီပြီးဖြစ်ပေါ်လာတဲ့ အတွေးတွေ။

ဥပမာနဲ့ ရှင်းပြတယ်။ “လူငယ်လူရွယ်တွေဟာ ကိုယ့်ကိုယ်ကိုယ် အလှပြင်တဲ့အနေနဲ့ ကြေးမုံတို့၊ မှန်ပြင်တို့မှာ ကြည့်ကြတယ်။ အဲဒီ ကြေးမုံ၊ မှန်ပြင်ကို ကြည့်ပြီး မိမိရဲ့မျက်နှာရိပ်ကို အပြစ်အနာအဆာ ရှိတယ်၊ မရှိဘူးဆိုတာကို ဆင်ခြင်သုံးသပ်ကြတယ်။ အဲဒီလို ဆင်ခြင်သုံးသပ်ရတဲ့ မျက်နှာပုံရိပ်ကလေးဟာ မှန်ဆိုတဲ့ မှီရာမရှိဘဲနဲ့ ပေါ်လာပါ့မလား၊ မပေါ်ဘူး။ မှန်ဆိုတဲ့မှီရာကိုမှီပြီး အရိပ်ဆိုတာ ပေါ်လာတာဖြစ်တယ်။ ထို့အတူ ‘ငါ’ဆိုတဲ့ အတွေးဟာလည်းပဲ

http://www.dhammadownload.com



ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်လို့ဆိုတဲ့ မိမိ သန္တာန်မှာရှိတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို မှီပြီးတော့သာ ပေါ်လာရတာပါ" လို့ အရှင်ပုဏ္ဏ က ရှင်းပြတယ်။

ဘုန်းကြီးတို့တတွေ စဉ်းစားကြည့်၊ ကိုယ့်သန္တာန် မှာ ရုပ်ဆိုတာ ဘယ်ဟာလဲဆိုရင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် ဆိုတာ ရုပ်ပဲ၊ ဟုတ်ကဲ့လား။ မိမိသန္တာန်မှာရှိတဲ့ ရုပ်ခန္ဓာကိုယ်ကြီးမှာ မျက်စိရှိတယ်၊ နားရှိတယ်၊ လျှာ ရှိတယ်၊ ကိုယ်ရှိတယ်၊ ပထဝီဆိုတဲ့ မာမာ၊ ပျော့ပျော့ အတုံးအခဲရှိတယ်။ အာပေါ ဆိုတဲ့ ဖွဲ့စည်းမှုရှိတယ်။ တေဇောဆိုတဲ့ အပူအအေး ရှိတယ်။ ဝါယောဆိုတဲ့ လေ ရှိတယ်။ အဲဒီ မဟာဘုတ်လေးပါး နဲ့ မဟာဘုတ်လေးပါးကို မှီပြီးဖြစ်နေတဲ့၊ သဏ္ဍာန် ပေါ်လွင်နေတဲ့၊ လူရဲ့သန္တာန်မှာရှိနေတဲ့ သဘာဝ ရုပ်တရားတဲ့။

http://www.dhammadownload.com



## ရုပ်ကိုရှုမြင်ပုံ

အဲဒီ ရုပ်တရားအမှီပြုပြီးတော့ ငါဆိုတဲ့အတွေး တွေ ပေါ်တာဖြစ်သည့်အတွက်ကြောင့် အဲဒီရုပ်တရား ကို ပြန်ပြီးတော့ စစ်ဆေးရမယ်၊ လေ့လာရမယ်၊ ရှုမှတ် ရမယ်။ သူ့သဘာဝအတိုင်းမြင်အောင် ရှုရမယ်။ အဲဒီလိုမြင်တဲ့အခါမှ ငါဆိုတဲ့အတွေး ပျောက်နိုင်မယ် ပေါ့။ ဘယ်လိုဆင်ခြင်သုံးသပ်နိုင်းတုန်းဆိုတော့ အဲဒီ ငါဆိုတဲ့အတွေးရဲ့ စွဲမှီရာဖြစ်တဲ့ ရုပ်တရားကို သေချာ စေ့ငု ကြည့်လိုက်မယ်ဆိုရင် ငါဆိုတဲ့အတွေးရဲ့ မှီရာ ဖြစ်တဲ့ ရုပ်တရားဟာ အမြဲတမ်း ဒီအတိုင်းရှိနေတဲ့ တရားလား၊ စာလို ပြောမယ်ဆိုရင် နိစ္စလား အနိစ္စ လားပေါ့။ မြဲနေသလား၊ မမြဲဘူးလားလို့ ရှုမှတ်နိုင်း တယ်။

အေး အရှင်အာနန္ဒတို့ တရားနာနေတဲ့ ပုဂ္ဂိုလ် တွေကို ရှင်ပုဏ္ဏ က မေးတယ်။ "ငါ့ရှင်တို့၊ ဟောဒီ ငါဆိုတဲ့ အတွေးရဲ့ စွဲမှီရာဖြစ်တဲ့ ရုပ်တရားဟာ မြဲသလား၊ မမြဲဘူးလား" "မမြဲပါဘုရား" တဲ့။

http://www.dhammadownload.com



မမြဲတာတော့ ထင်ရှားတာပဲ။ မမြဲဘူးဆိုတာ ခပ်ကြဲကြဲကြည့်လိုက်မယ်ဆိုရင်တော့ ဟိုးလွန်ခဲ့တဲ့ ၁၀ နှစ်တုန်းကနဲ့ အခု ၁၀ နှစ်ဟာ မတူတော့တာ သေချာတာပေါ့။ ကိုယ့်ကိုယ်ကို ပြန်ပြီးကြည့်မယ်ဆိုရင် ဘုန်းကြီးတို့တစ်တွေဟာ မိခင်ဝမ်းက မွေးဖွါးလာခါစ ကလေးအရွယ်လေးပဲ ဖြစ်နေမှာပေါ့။ အဲဒီလိုမဖြစ်ဘူး၊ ထာဝရရွေ့လျားနေတဲ့အရာသာ ဖြစ်တယ်၊ ပြောင်းလဲ ပျက်စီးနေတဲ့အရာသာ ဖြစ်တယ်ဆိုတာ ထင်ရှားတာ ပေါ့။ အဲဒါ ခပ်ကြဲကြဲတွေးပြီးကြည့်တာ။

၁၀ နှစ်တစ်ခု၊ ၁၀ နှစ်တစ်ခု ကြည့်လိုက်မယ် ဆိုရင်လည်း ၁၀ နှစ်သားအရွယ်နဲ့ ၂၀ အရွယ်၊ ၂၀ အရွယ်နဲ့ ၃၀၊ ၃၀ နဲ့ ၄၀၊ ၄၀ နဲ့ ၅၀၊ ၅၀ နဲ့ ၆၀၊ ၆၀ ကနေ ၇၀၊ မတူတဲ့အရွယ်တွေ ဖြစ်လာတယ်။ ရုပ်တရားတွေရဲ့ ဒီပြောင်းလဲမှုဟာ သိသိသာသာ ပြောင်းလဲမှု။ အေး၊ မသိမသာ ပြောင်းနေတာကတော့ စက္ကန့်တိုင်း၊ စက္ကန့်တိုင်း မသိမသာ ပြောင်းနေတာ၊ တစ်ခါတည်း ခုန်ကျော်ပြီးတော့ပြောင်းတာ မဟုတ်ဘူး၊

http://www.dhammadownload.com



စဉ်ဆက်မပြတ် ပြောင်းနေတာ။ စဉ်ဆက်မပြတ် ပြောင်းနေလို့ ဒီအဆင့်ကို ရောက်လာတာ၊ ဒါကြောင့် ရုပ်တရားတွေရဲ့ ပြောင်းလဲမှုဆိုတာ အခုမှ ဝုန်းဒိုင်း ပြောင်းတာ မဟုတ်ဘူး။ စက္ကန့်မလပ်၊ မိနစ်မလပ် အမြဲတမ်း ရွေ့လျားပြီးတော့ ပြောင်းနေတာ။

ဥပမာ ဘာနဲ့တူတုန်းဆိုရင် မြစ်ထဲကရေတွေ ကြည့်လိုက်၊ ရပ်နေတဲ့အချိန်ဆိုတာ မရှိဘူး၊ အမြဲ စီးနေတယ်၊ နောက်ထပ် တွေ့နေတာက ရေအသစ်၊ ခုနက မြင်လိုက်တဲ့ရေက မရှိတော့ဘူး၊ နောက်ထပ် ထိုင်ကြည့်နေမယ်ဆိုရင် ပထမဦးဆုံးမြင်တဲ့ ရေနဲ့ ဒုတိယ နောက်ထပ် ပြန်ကြည့်တဲ့ရေ တူမှမတူတော့တာ။ သို့သော်လည်းပဲ ရေရဲ့ပုံသဏ္ဌာန်က တူနေသည့်အတွက်ကြောင့် ဒီရေပဲလို့ထင်တာ။ အေး၊ မြစ်ကြီးဟာ မနေ့ကလည်း ဒီရေတွေပဲ၊ ဒီနေ့လည်း ဒီရေတွေပဲထင်တာ၊ တကယ်တော့ မနေ့ကရေ ရှိသေးရဲ့လား။ မနေ့ကရေ မရှိတော့ဘူး၊

http://www.dhammadownload.com



ဘုန်းကြီးတို့တတွေရဲ့ ရုပ်ခန္ဓာကိုယ်ကြီးကလည်း မနေ့က ရုပ်ခန္ဓာကိုယ် မရှိတော့ဘူး၊ ဒီနေ့ရှိတာ Copy တွေချည်းပဲ၊ အကုန်လုံး ပုံတူဖြစ် ကျန်ရစ်တာနော်။ အမြဲတမ်း ပြောင်းလဲပြီးတော့နေတာ။ အဲဒါကို အသေးစိတ်ရှုမြင်ဖို့ ရုပ်တရားဟာ နိစ္စလား၊ အနိစ္စလားဆိုတော့ "အနိစ္စ"ပါ။ အဲဒီလို အနိစ္စဖြစ်တဲ့ ရုပ်တရားဟာ "သုခ" လို့ ခေါ်မလား၊ "ဒုက္ခ" လို့ ခေါ်မလား။ "ဒုက္ခ"ပါ၊ ဒုက္ခကို ဘယ်သူမှမနှစ်သက်ဘူး၊ ကျေနပ်စရာမကောင်းတဲ့၊ ထာဝရပြောင်းနေတဲ့ အရာကြီးသည် ချမ်းသာတဲ့အရာ ဘယ်လို့မှ မဖြစ်နိုင်ဘူး။ ဆင်းရဲတဲ့အရာ၊ ကျေနပ်စရာ မကောင်းတဲ့ အရာသာ ဖြစ်တယ်။ အေး အဲဒီလို ကျေနပ်စရာ မကောင်းဘူး၊ ဆင်းရဲတယ်၊ ဒုက္ခဖြစ်တယ်၊ ထာဝရ ပြောင်းလဲနေတယ်ဆိုတဲ့အရာကြီးကို 'ငါ'လို့ သတ်မှတ်တာ သင့်တော်ပါ့မလား။ ဒီလို သဘာဝ ရုပ်နာမ် တရားတွေနဲ့ ပတ်သက်ပြီးတော့ ဝိပဿနာဉာဏ်နဲ့

http://www.dhammadownload.com



ဆင်ခြင်စဉ်းစားဖို့ ရှင်ပုဏ္ဏ က ရှင်အာနန္ဒကို ဒီလို အသေးစိတ် ရှင်းပြတယ်။

အဲဒီလို ရှင်းပြပြီးတဲ့အခါ အဲဒီလို ထာဝရ ပြောင်းလဲနေတဲ့ ရုပ်တရားကြီးဟာ ငါ့ဟာလို့၊ ငါ့ဥစ္စာလို့၊ ငါ့ရဲ့အတ္တလို့ ဒီလို စိတ်ထဲမှာ မှတ်ယူထားဖို့ မသင့်တဲ့တရား ဖြစ်တယ်။ အဲဒီလို သိလိုက်တာနဲ့၊ မှန်ကန်တဲ့ ဉာဏ်အမြင်နဲ့ ဆင်ခြင်စဉ်းစားလိုက်တာနဲ့ တစ်ပြိုင်နက် ရုပ်တရားပေါ်မှာ ငြီးငွေ့မှုဆိုတာ ဖြစ်ပေါ်လာတယ်။ ငြီးငွေ့တယ်ဆိုတာ သာယာမှုကို ရှာမတွေ့တာကိုခေါ်တာ။ ပျော်စရာတို့၊ နှစ်သက်စရာတို့၊ ကျေနပ်စရာတို့ဆိုတာ မရှိတော့ဘူးတဲ့။ **နိဗ္ဗိန္ဒတိ**= ငြီးငွေ့တယ်လို့ ပြောတာ။

## ဝေဒနာကို ရှုမြင်ပုံ

ထို့အတူပဲ လူတွေမှာ နာမ်တရားအနေနဲ့ ပြောမယ်ဆိုရင် ခံစားချက်တွေရှိတယ်။ ပျော်ရွှင်တာလည်း ခံစားတာပဲ၊ ဝမ်းနည်းတာလည်း ခံစားတာပဲ၊

http://www.dhammadownload.com



အဲဒီ ပျော်ရွှင်မှုဆိုတာလည်းပဲ ထာဝရပျော်ရွှင်နေတာ မဟုတ်ဘူး၊ ဝမ်းနည်းမှု ဆိုတာလည်းပဲ ထာဝရ ဝမ်းနည်းနေတာ မဟုတ်ဘူး။ အေး ဒါကြောင့်မို့ ဝေဒနာဆိုတဲ့ ခံစားမှုဟာလည်းပဲ မြဲတဲ့အရာမဟုတ် ဘူးတဲ့။ မြဲတဲ့အရာမဟုတ်တဲ့အတွက် မမြဲတဲ့ ဒီခံစားမှု ကို ငါလို့ ရှုမှတ်မယ်၊ ငါ့ဥစ္စာလို့ ရှုမှတ်မယ်ဆိုရင် မသင့်တော်ဘူး။ မြဲတဲ့အရာမဟုတ်လို့ သုခလည်း မဟုတ်ဘူး၊ ဒုက္ခသာဖြစ်တယ်။ အဲဒီမြဲတဲ့အရာ မဟုတ် လို့ အတ္တမဟုတ်ဘူး၊ အနတ္တာပဲ။ ဒါကြောင့်မို့ ဝေဒနာနဲ့ ပတ်သက်ပြီးတော့လည်းပဲ အဲဒီ ခံစားချက်တွေဟာ တည်မြဲနေတာ မဟုတ်ဘူး။

အဲဒါကို အရှင်ပုဏ္ဏ က 'ဝေဒနာဟာ နိစ္စလား အနိစ္စလား'လို့ဆိုတော့ 'အနိစ္စပါဘုရား'၊ 'အနိစ္စ ဆိုလို့ ရှိရင် ဒုက္ခလို့ခေါ်မလား၊ သုခလို့ခေါ်မလား' 'ဒုက္ခပဲ ခေါ်ရမှာပါ' တဲ့။ အဲဒီလို ဒုက္ခဖြစ်ပြီး ပြောင်းလဲ တတ်တဲ့ သဘာဝတရားကို 'ငါ၊ ငါ့ဟာ' လို့ ရှုမြင် သုံးသပ်မယ်ဆိုရင် မသင့်တော်ပေဘူး။ ဒါကြောင့်

http://www.dhammadownload.com



မှန်ကန်တဲ့ အသိဉာဏ်နဲ့ ရှုသင့်တယ်။ ခံစားချက် ဝေဒနာဟာ ငါလည်းပဲမဟုတ်ဘူး၊ ငါ့ဥစ္စာလည်း မဟုတ်ဘူးလို့ဆိုတာ မှန်ကန်တဲ့ ဝိပဿနာ ဉာဏ် အမြင်နဲ့ ရှုရမယ်။ အဲဒီလို ရှုမြင်လိုက်တဲ့အခါမှာ ခံစားမှုအပေါ်မှာ သာယာတွယ်တာမှုဆိုတာ မလာ တော့ဘူးတဲ့။

## သညာကို ရှုမြင်ပုံ

ထို့အတူပဲ လူတွေမှာ အာရုံတစ်ခုကိုမှတ်ပြီး သိတတ်တဲ့ မှတ်သိ ဆိုတာလေးရှိတယ်။ သညာပေါ့။ အဲဒီ အမှတ်သညာနဲ့ ပတ်သက်လာလို့ ရှိရင်လည်း လူတွေကပြောတယ်။ အေး၊ မှတ်ဉာဏ် ကောင်းလိုက် တာ၊ မှတ်ဉာဏ်မကောင်းဘူး၊ မှတ်မိတယ်၊ မမှတ်မိဘူး နဲ့ ပြောကြတယ်။ မှတ်တယ်ဆိုတဲ့ သညာတရားလေး ဟာ လူတွေရဲ့ သန္တာန်မှာ အခု ဖြစ်ပြီးတော့ အခု ပျက်သွားတဲ့ သဘာဝတရားမျိုးသာ ဖြစ်သည့်အတွက် ကြောင့် နိစ္စလား၊ အနိစ္စလားလို့ဆိုရင် မမြဲတဲ့ အနိစ္စ

http://www.dhammadownload.com



သာ ဖြစ်တယ်။ အဲဒီ မမြဲတဲ့ အနိစ္စသဘောတရား ဖြစ်တဲ့ သညာဟာ သုခလား ဒုက္ခလားလို့ဆိုတော့ ဒုက္ခပဲ။ မမြဲရင် ဒုက္ခပဲ။ မမြဲတဲ့ ပြောင်းလဲတတ်တဲ့ သဘာဝတရားကို 'ငါ' လို့ပြောလို့ မသင့်တော်ဘူး။ ဒါကြောင့်မို့ 'ငါ'မဟုတ်ဘူး၊ 'ငါ့ဟာ'မဟုတ်ဘူးလို့ဆိုတဲ့ မှန်ကန်တဲ့ အသိဉာဏ်နဲ့ ရှုမှတ်ဆင်ခြင်ရမယ်။ အဲဒီလို ရှုမှတ်ဆင်ခြင်လိုက်တဲ့အခါမှာ သညာ ဆိုတဲ့ မှတ်သိ စိတ်ပေါ်မှာ 'ငါ၊ ငါ့ဟာ' ဆိုတဲ့ အတွေးတွေ မလာလို့ တွယ်တာမှုမရှိတော့ဘူး။ သာယာဖွယ်ဆိုတာ ရှာမတွေ့တော့ဘူး၊ ငြီးငွေ့လာတယ်။

## သင်္ခါရကို ရှုမြင်ပုံ

ထို့အတူပဲ သင်္ခါရဆိုတာ ကြံတွေးမှုတို့၊ ကြိုးပမ်းအားထုတ်မှုတို့၊ စေ့ဆော်မှုတို့၊ အသိဉာဏ်တို့၊ စိတ်ရဲ့ အခြေအနေတွေ အဲဒီ သင်္ခါရတရားတွေ အပေါ်မှာ လည်းပဲ မိမိရဲ့စိတ်ထဲမှာ ဖြစ်ပေါ်လာတာတွေ ဖြစ်တယ်။ ဖြစ်ပေါ်လာသမျှ အရာတွေဟာလည်းပဲ

http://www.dhammadownload.com



တစ်ခုမှ မြဲနေတာမရှိသည့်အတွက်ကြောင့် အားလုံးဟာ အနိစ္စတွေချည်းပဲ။ အဲဒီ အနိစ္စ၊ မမြဲတဲ့အရာမှန်သမျှဟာ ဒုက္ခပဲ။ ဒုက္ခဖြစ်တဲ့အရာ မှန်သမျှဟာ အတ္တမဟုတ်ဘူး။ ဒါကြောင့်မို့ ငါ, ငါ့ဥစ္စာလို့ မရှုသင့်တဲ့တရားတွေ။ အဲဒီတော့ မမြဲတဲ့အရာကို ငါ့ဟာမဟုတ်ဘူး၊ ငါမဟုတ်ဘူးဆိုတဲ့ မှန်ကန်တဲ့ အသိဉာဏ်နဲ့သာ ရှုမှတ်ရမယ်လို့ ဒီလို ရှင်ပုဏ္ဏ က အသေးစိတ်ရှင်းပြတယ်။

## ဝိညာဏ်ကို ရှုမြင်ပုံ

အသိစိတ် လို့ဆိုတဲ့ ဝိညာဏ် လေးဟာလဲပဲ စဉ်ဆက်မပြတ် တစ်စိတ်ပြီး တစ်စိတ်၊ တစ်စိတ်ပြီး တစ်စိတ် အင်မတန်မှ လျှင်မြန်တဲ့ နှုန်းထားနဲ့ ပြောင်းရွှေ့ပျက်စီးပြီးတော့နေတယ်။ အဲဒီလို လျှင်မြန်တဲ့အဟုန်နဲ့ ဖြစ်ပြီး ပျက်နေတဲ့ အသိစိတ်ကလေးကိုလည်းပဲ မြဲတာမဟုတ်သည့်အတွက်ကြောင့် အနိစ္စ။ မမြဲသည့်အတွက်ကြောင့် ဒုက္ခ။ ပြောင်းလဲတတ်သည့်

http://www.dhammadownload.com



သဘော ရှိသည့်အတွက်ကြောင့် ငါ့ဟာလို့ မရှုသင့်ဘူးတဲ့။ ဒါကြောင့်မို့ အသိစိတ်ဆိုတဲ့ ဝိညာဏ်ကိုလည်းပဲ ငါမဟုတ်ဘူး၊ ငါ့ဟာမဟုတ်ဘူးဆိုတဲ့ မှန်ကန်တဲ့ အသိဉာဏ်နဲ့ ရှုမြင်ရမယ်လို့ အရှင်ပုဏ္ဏက ရှင်းပြတယ်။

## ရှုမြင်မှု၏အကျိုး

အဲဒီလိုရှုမြင်လိုက်ရင် ဘယ်လိုအကျိုးတွေ ရတုန်းဆိုတော့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် လို့ဆိုတဲ့ ဒီ ခန္ဓာငါးပါးအပေါ်မှာ တဏှာနဲ့ တွယ်တာသာယာမှုဆိုတာ မလာတော့ဘူး။ ခုနက ပြောခဲ့တဲ့ မှားယွင်းတဲ့ အတွေးတွေ ဝင်မလာနိုင်တော့ဘူး။ ဝင်မလာနိုင်တဲ့အခါ ခန္ဓာအပေါ် ငြီးငွေ့လာတယ်။ ငြီးငွေ့လာတဲ့အခါ တွယ်တာမှုတွေ ကင်းပြတ်လာတယ်။ တွယ်တာမှု ကင်းပြတ်လာတာနဲ့ တစ်ပြိုင်နက် စိတ်ကလေးဟာ ကိလေသာ အတွယ်အတာတွေ အားလုံးကနေ လွတ်မြောက်သွားတယ်လို့ ဒီလိုရှင်းပြတာ။

http://www.dhammadownload.com



အဲဒီတရားကိုနာရင်း ရှင်အာနန္ဒဟာ သောတာပန် ဖြစ်သွားတယ်။ ၃၇ နှစ်အရွယ်လောက်မှာ သောတာပန် ဖြစ်ပြီးတော့ နောက် အသက် ၅၀ ကျော်တဲ့အရွယ်မှာ မြတ်စွာဘုရားရဲ့ အလုပ်အကျွေး ရာထူးကို ရတယ်။ မြတ်စွာဘုရားရဲ့ အလုပ်အကျွေးဘဝနဲ့ သူဟာ နှစ်ပေါင်း (၂၅)နှစ် မြတ်စွာဘုရားကို အလုပ်အကျွေး ပြုခဲ့တယ်ပေါ့။

အဲဒီလိုအလုပ်အကျွေးပြုတဲ့အချိန်က ရှင်အာနန္ဒ မထေရ်မြတ်ဟာ မြတ်စွာဘုရားဟောသမျှ တရားတွေ ကိုလည်း လေ့လာမှတ်သားတယ်။ မြတ်စွာဘုရားကို ခွင့်တောင်းထားတယ်။ သူမပါတဲ့နေရာမှာ ဟောခဲ့တဲ့ တရားကို သူ့ကို ပြန်ပြီးဟောပေးဖို့။

အေး ရှင်အာနန္ဒ မထေရ်မြတ်ဟာ မြတ်စွာဘုရား ဟောထားတဲ့ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ကို နှုတ်တက် ဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ဘယ်လောက်ထိအောင် လုံ့လ ဝီရိယ ကောင်းသလဲဆိုရင် မြတ်စွာဘုရားရဲ့ တရားတော်တွေကို နာလည်း နာတယ်၊ မှတ်လည်း

http://www.dhammadownload.com



မှတ်ထားတယ်၊ နှုတ်ကလည်း ရွတ်ဖတ်သရဇ္ဈာယ်တယ်၊ စိတ်နဲ့လည်း အမြဲမပြတ် နှလုံးသွင်းတယ်၊ အဓိပ္ပာယ်ကိုလည်း ရှင်းရှင်းလင်းလင်းသိအောင် ကြိုးစားတယ်။ ဒါကြောင့် ရှင်အာနန္ဒ မသိတဲ့ တရားဆိုတာ မရှိသလောက်ပဲ။ စာပေကျမ်းဂန် ပရိယတ်တာဝန်ကို ရှင်အာနန္ဒဟာ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်မို့ ဗဟုသုတ အရာမှာ ဧတဒဂ်ရာထူးရတဲ့ ပုဂ္ဂိုလ်ပဲ။

သူကိုယ်တိုင်က ပြောထားတယ်။ မြတ်စွာဘုရားဟောထားတဲ့ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ရှိတယ်။ (၈၂၀၀၀)ကို မြတ်စွာဘုရားထံမှ သင်တယ်တဲ့။ ကျန်တဲ့ ၂၀၀၀ ကို ရှင်သာရိပုတ္တရာ စတဲ့ ရဟန်းတော်တွေထံက သင်ယူခဲ့ပါတယ်တဲ့။ အားလုံး သူ နှုတ်တက်ရနေတဲ့ တရားပေါင်းဟာ ၈၄၀၀၀ ရှိပါတယ်လို့ ဒီလိုပြောတာ။

မြတ်စွာဘုရားကို ဝတ်ကြီးဝတ်ငယ်ပြုတဲ့ နေရာမှာလည်းပဲ လုံ့လဝီရိယ အင်မတန်ကောင်းတယ်။ သာမန်

http://www.dhammadownload.com



ဘုရားကို ပြုစုတာမဟုတ်ဘူး။ ညအခါမှာ ဆိုလို့ရှိရင် မြတ်စွာဘုရားနဲ့ ဂန္ဓကုဋိကျောင်းတော်ထဲမှာ အတူ မနေဘူး။ သို့သော် ခပ်လှမ်းလှမ်းကျောင်းမှာနေပြီး မြတ်စွာဘုရား သီတင်းသုံးတဲ့ ဂန္ဓကုဋိ ကျောင်းဆောင်ကို တစ်ညလျှင် ကိုးခါလောက် လှည့်ပတ်ပြီး ကြည့်တယ်။ ဘာဖြစ်လို့ ကျောင်းတော်နားသွားပြီး တစ်ည ကိုးခါ လှည့်ကြည့်သလဲဆိုရင် မြတ်စွာဘုရားက အလိုတော်ရှိလို့ အာနန္ဒာ လို့ခေါ်လိုက်ရင် ကြားရအောင်လို့တဲ့။ မြတ်စွာဘုရားကို အဲဒီလောက် ဂရုစိုက်တဲ့ ပုဂ္ဂိုလ်ပေါ့။

အေး အဲဒီ ရှင်အာနန္ဒ မထေရ်မြတ်ဟာ မြတ်စွာဘုရားရဲ့ တာဝန်တွေ၊ ဘုရားကို ပြုစုလုပ်ကျွေးရတဲ့ တာဝန်တွေ၊ တဖန် ဓမ္မတာဝန်လို့ဆိုတဲ့ မြတ်စွာဘုရားဟောတဲ့ တရားတော်တွေကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့တာဝန်တွေ၊ အဲဒီတာဝန်တွေ ဆောင်ရွက်လုပ်ကိုင်နေရသဖြင့် သောတာပန်ဘဝနဲ့ နှစ်ပေါင်း လေးဆယ်ကျော် နေခဲ့တယ်။

http://www.dhammadownload.com



တစ်နေ့သောအခါ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးတော့ တရားတောင်းတဲ့ သုတ္တန်လေးတစ်ခုရှိတယ်။ ရှင်အာနန္ဒဟာ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးတော့ လျှောက်တယ်။ "အရှင်ဘုရား၊ တပည့်တော်ကို ကမ္မဋ္ဌာန်းတရား အကျဉ်းချုပ် ဟောပေးပါတဲ့။ အဲဒီ ကမ္မဋ္ဌာန်းတရား အကျဉ်းချုပ်ဟောပြီးရင် တပည့်တော်ဟာ တစ်ပါးထဲ လွတ်လွတ်ကင်းကင်း နိဗ္ဗာန်ကို ဦးတည်ချက်ထားပြီး ကြိုးကြိုးစားစား တရားအားထုတ်ပါ့မယ်" လို့ ဘုရားထံ ဝန်ခံပြီးတော့ တရားတောင်းတယ်။

တရားတောင်းတဲ့အခါ မြတ်စွာဘုရားက ရှင်အာနန္ဒ ကိုဟောတဲ့ ဝိပဿနာတရား ရှိတယ်။ တကယ်တော့ ဝိပဿနာတရားဆိုတာ ရှင်းရှင်းလေးပဲ။ "တရားရှာ၊ ကိုယ်မှာတွေ့" ဆိုတဲ့အတိုင်း မိမိတို့သန္တာန်မှာရှိတဲ့ တရားတွေကို ရှုမှတ်ဖို့ပဲ။

အဲဒီမယ် မြတ်စွာဘုရားက မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဒွါရ(၆)ပါးနဲ့ဆိုင်တဲ့ တရားတွေကို

http://www.dhammadownload.com



ရှင်အာနန္ဒအား ဟောပြတယ်။ တစ်ခုချင်း တစ်ခုချင်း ဟောတာ။ ဘုန်းကြီးတို့ အကျဉ်းချုပ် ပြောပါ့မယ်။

## စက္ခုဒွါရဆိုင်ရာ ရှုမြင်ပုံ

မျက်စိနှစ်လုံးဖွင့်လိုက်လို့ မြင်စရာအာရုံတွေကို မြင်ပြီ ဆိုပါစို့။ လူတိုင်း လူတိုင်းဟာ မျက်စိဖွင့်ပြီး ကြည့်လိုက်ရင် မြင်စရာ အာရုံတွေကို မြင်ကြတယ်။ အဲဒီလို မြင်စရာအာရုံတွေကို မြင်ပြီးတော့ ဘာတွေ ဆက်သွယ်ဖြစ်သလဲဆိုတာ ကြည့်ရအောင်။ ဒါ ပဋိစ္စသမုပ္ပါဒ်နဲ့ အတူတူပါပဲ။

"မျက်စိနှစ်လုံးဖွင့်ပြီး မြင်စရာ အာရုံတွေကို မြင်လိုက်တာနဲ့ တစ်ပြိုင်နက် မြင်သိစိတ် ပေါ်လာတယ်။ မြင်သိစိတ်ပေါ်လာလို့ရှိရင် အာရုံနဲ့ ဆက်သွယ်မှု ဆိုတဲ့ ဖဿ ပေါ်လာတယ်။ အဲဒီ ဖဿကို အကြောင်းပြုပြီးတော့ စိတ်ထဲမှာ ဝမ်းသာမှု၊ ဝမ်းနည်းမှု ဆိုတဲ့ ခံစားမှုတွေ ပါလာတယ်ပေါ့။ ဒါ မိမိကိုယ်မှာ ဖြစ်ပျက်နေတာတွေကို ပြန်ပြီး စဉ်းစားကြည့်၊ မျက်စိက

http://www.dhammadownload.com



မြင်လိုက်တာနဲ့တစ်ပြိုင်နက် မြင်သိစိတ်၊ ထိုမြင်သိစိတ် ပေါ်လာတာနဲ့ တစ်ပြိုင်နက် အာရုံနဲ့ ဆက်သွယ်မှု၊ အာရုံနဲ့ဆက်သွယ်လိုက်တာနဲ့ တစ်ပြိုင်နက် ဝမ်းသာတယ်၊ ဝမ်းနည်းတယ်ဆိုတဲ့ ခံစားမှုတွေ၊ ဒါ လူတိုင်း လူတိုင်းမှာ ဒီအတိုင်း လာတယ်ပေါ့။

ကဲ အဲဒီနေရာမှာ ကြည့်လိုက်၊ မျက်စိ ဆိုတာက သဘာဝတစ်ခုပဲ၊ အဲဒီမျက်စိမှာ ထင်ဟပ်ပြီးတော့ ပေါ်လာတဲ့ မြင်လို့ရတဲ့အာရုံ(ရူပါရုံ)ဆိုတာက သဘာဝ တစ်ခု။ "မျက်စိမှာ ရူပါရုံ ထင်ဟပ်လာတဲ့ အခါမှာ ထင်ဟပ်မှု စွမ်းအားကြောင့် ထိုရူပါရုံကိုမြင်ပြီး သိတဲ့ စိတ် ဆိုတဲ့ စက္ခုဝိညာဏ် စိတ်ကလေး ပေါ်လာပြန် တယ်။ အဲဒီ စက္ခုဝိညာဏ်စိတ်ကလေး ပေါ်လာတာနဲ့ တစ်ပြိုင်နက် အာရုံနဲ့စိတ် ထိတွေ့မှုဆိုတဲ့ ဖဿ ဆိုတာ ပေါ်လာတယ်။ အဲဒီ အာရုံနဲ့စိတ် ထိတွေ့မှုဆိုတဲ့ ဖဿ ပေါ်လာတာနဲ့တစ်ပြိုင်နက် ဝမ်းသာတယ်၊ ဝမ်းနည်း တယ် ဆိုတဲ့ ခံစားမှုကလည်း ပေါ်လာတယ်" ပေါ့။

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်ကျတော့ ကြည့်လေ။ **သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ** လို့ ဒီလို ဟောထားတာနော်။ **သဠာယတန** ဆိုတာ ဒီထဲမှာ စက္ခုပသာဒ လို့ဆိုတဲ့ မျက်စိအကြည်ဓာတ်ကလေး၊ အဲဒီမျက်စိ အကြည်ဓာတ်ကလေးရှိလို့ မြင်စရာအာရုံကို မြင်တာ၊ အာရုံနဲ့ဆက်သွယ်မိတာ။ ပဋိစ္စသမုပ္ပါဒ်မှာ **သဠာယတန** ကနေ **ဖဿ** ကို ချက်ချင်း လှမ်းကူးပြီးတော့ ဟောထားတာ။

အခု ဒီသုတ္တန်မှာ ကြားထဲမှာ နှစ်ခုရှိသေးတယ်။ အဲဒီ စက္ခုပသာဒနဲ့ ဆက်သွယ်မှုရတဲ့ မျက်စိနဲ့ မြင်လို့ရတဲ့ အဆင်းအာရုံဆိုတာ ရှိသေးတယ်။ အဲဒီမျက်စိနဲ့ မြင်ရတဲ့ အဆင်းအာရုံနဲ့ မျက်စိ ထိတွေ့လိုက်တဲ့ အခါမှာ ပေါ်လာတဲ့ မြင်သိစိတ်ဆိုတာ ရှိသေးတယ်။ အဲဒီမြင်သိစိတ်ဆိုတာ ပေါ်လာမှ **ဖဿ**ဆိုတာ ပေါ်လာတာ၊ အဲဒီ **ဖဿ** ပေါ်လာတဲ့အခါမှ ဝမ်းသာတယ်၊ ဝမ်းနည်းတယ်ဆိုတဲ့ ခံစားမှုဆိုတာ ပေါ်လာတာ။ အဲဒီတော့ ပေါင်းပြီးကြည့်လိုက်တဲ့အခါ မျက်စေ့

http://www.dhammadownload.com



ဆိုတာလေးရယ်၊ မျက်စေ့ထဲမှာ ထင်ဟပ်ပေါ်လာတဲ့ အဆင်းအာရုံလေးရယ်၊ အဲဒီနှစ်ခု ဆုံလိုက်သည့် အတွက်ကြောင့် ပေါ်လာတဲ့ မြင်သိစိတ်ကလေးရယ်၊ ထိုမြင်သိစိတ်ကလေး ပေါ်လာတာနဲ့ တစ်ပြိုင်နက် စိတ်နဲ့အာရုံ ဆက်သွယ်မှုဆိုတဲ့ **ဖဿ** ရယ်၊ အဲဒီ **ဖဿ** ပေါ်လာသည့် အတွက်ကြောင့် ခံစားမှုဆိုတဲ့ ဝေဒနာရယ် ပေါ်လာကြတယ်။ ဒါတွေဟာ ဝိပဿနာ အာရုံတွေပဲ။ သတိစွမ်းအား၊ သမာဓိစွမ်းအားတွေ အသုံးချပြီး ကြည့်မယ်ဆိုရင် ဒီပုံစံအတိုင်း ဖြစ်နေ တာနော်။ အမှတ်တမဲ့နေရင်တော့ ဒါတွေသိမှာ မဟုတ် ဘူးပေါ့။

အဲဒီတော့ ကမ္မဋ္ဌာန်းအားထုတ်တယ် ဆိုတဲ့အခါ မှာ မြတ်စွာဘုရားက ရှင်အာနန္ဒကို ရှင်းပြတယ်။ အဲဒီမှာတဲ့ မျက်စေ့ ဆိုတာရှိတယ်၊ အဆင်းအာရုံ ရှိတယ်။ မြင်သိစိတ် ဆိုတာရှိတယ်၊ ပေါ်လာတယ်။ မြင်သိစိတ် ပေါ်လာတာနဲ့ အာရုံနဲ့ ဆက်သွယ်မှုဆိုတဲ့ **ဖဿ** ပေါ်လာတယ်။ အဲဒီ **ဖဿ** ပေါ်လာလိုက်တာနဲ့

http://www.dhammadownload.com



ခံစားမှုဆိုတဲ့ ဝေဒနာ ပေါ်လာတယ်။ အားလုံး ပေါင်းလိုက်တဲ့အခါ တရား ဘယ်နှစ်မျိုးလဲ၊ ငါးမျိုး။ **စက္ခုပသာဒ** ဆိုတဲ့ မျက်စေ့ရယ်၊ မြင်စရာ **အဆင်း အာရုံ**ရယ်၊ **မြင်သိစိတ်**ရယ်၊ အာရုံနဲ့ ဆက်သွယ်တဲ့ **ဖဿ** ရယ်၊ ခံစားတဲ့**ဝေဒနာ**ရယ်၊ ဟော ငါးခုရှိတယ်။

ဒီငါးခုစလုံးဟာတဲ့ ခိုင်မြဲနေတဲ့အရာ တစ်ခုမှ မရှိဘူး။ မျက်စေ့ကလည်း ခိုင်မြဲတာ မရှိဘူး။ အဆင်း အာရုံလေးကလည်း ခိုင်မြဲတာ မရှိဘူး။ မြင်သိစိတ် ကလည်း ပေါ်ပြီးတော့ ပျောက်သွားတယ်။ အာရုံနဲ့ ဆက်သွယ်တဲ့ ဖဿ ဆိုတာလဲ ပေါ်ပြီးတော့ ပျောက် သွားတယ်။ ခံစားမှုဆိုတဲ့ ဝေဒနာဟာလဲ ဖြစ်ပြီး ပျောက်သွားတယ်။ ဒါကြောင့်မို့ တစ်ခုမှ မမြဲသည့် အတွက်ကြောင့် **အနိစ္စ**။

မမြဲဘူးဆိုတဲ့ သဘာဝတရားသည် သုခလား၊ ဒုက္ခ လားလို့ဆိုတော့ ဒုက္ခပဲ။ ဘာဖြစ်လို့တုန်း။ မမြဲမှုက အမြဲတမ်း နှောင့်ယှက်နေလို့ ဒုက္ခတဲ့။ အနှောင့်

http://www.dhammadownload.com



အယှက်တွေ ရှိနေရင်ဒုက္ခပဲ။ အနှောင့်အယှက်ကင်းမှ သုခ။

အေး အဲဒီလို ဒုက္ခဖြစ်နေတဲ့ အရာတစ်ခုကို ငါလို့ ငါ့ဟာလို့၊ ငါ့ရဲ့အတ္တလို့ တွေးထင်စရာ ဘယ်ရှိမလဲ။ ဒုက္ခကို ဘယ်လိုလုပ်ပြီးတော့ ငါ့ဟာလို့ ပြောလို့ရမလဲ။ ငါ့ရဲ့အတ္တလို့ ပြောလို့မရဘူး။

မြင်တဲ့အာရုံနဲ့ ပတ်သက်ပြီးတော့၊ မြင်စရာနဲ့ ပတ်သက်ပြီးတော့ ဟောဒီတရားငါးမျိုးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့မြင်အောင် ကြိုးစားရမယ်လို့ မြတ်စွာဘုရားက ရှင်အာနန္ဒကို ဟောတာ။

အဲဒီတော့ တရားချစ်ခင်သူတော်စင် ပရိသတ် အပေါင်းတို့ ဝိပဿနာတရားကို ကျင့်တဲ့အခါ ရှုမှတ်စရာ အာရုံတွေက ဘာတွေလဲလို့ မေးလို့ရှိရင် ဟော စက္ခုပသာဒလို့ဆိုတဲ့ မျက်စိအကြည်ကလည်း ရှုမှတ်စရာပဲ။ အဲဒီ မျက်စေ့အကြည်မှာပေါ်လာတဲ့ ရူပါရုံကလဲ ရှုမှတ်စရာပဲ။ ရူပါရုံနဲ့ စက္ခုပသာဒတို့ ဆုံမိသည့်အတွက်ကြောင့် မြင်တယ်လို့ သိတဲ့စိတ်ကလည်း

http://www.dhammadownload.com



ရှုမှတ်စရာပဲ။ အဲဒီစိတ် ပေါ်လာတာနဲ့ တစ်ပြိုင်နက် အာရုံနဲ့စိတ်ဆက်သွယ်မှုဆိုတဲ့ ထိခိုက်မှု ဖဿ ကလည်း ရှုမှတ်စရာပဲ။ အဲဒီ ဖဿ ကို အကြောင်းပြုပြီးတော့ ဖြစ်ပေါ်လာတဲ့ ခံစားမှုဆိုတာကလည်း ရှုမှတ်စရာပဲ။ အဲဒီတော့ ဝိပဿနာဉာဏ်နဲ့ ရှုရမယ်ဆိုတာ ဒီတရား တွေကို ရှုရမှာ။

ပထမ ရှုတော့ ဘယ်လို ရှုမလဲဆိုရင် သဘာဝ လက္ခဏာ အရင်ရှုရတယ်။ အနိစ္စ၊ ဒုက္ခကို အရင် ရှုရတာ မဟုတ်ဘူး။ သဘာဝလက္ခဏာကို ရှုရတာ။ သဘာဝလက္ခဏာ ဆိုတာ စက္ခုပသာဒကို ရှုရင် မျက်စေ့ရဲ့ အကြည်ဓာတ်သဘောကိုမြင်အောင် ရှုရ မယ်။ မျက်စေ့ရဲ့ အကြည်သဘောကို မြင်လာတော့ အဲဒီအကြည်သဘောမှာထင်လာတဲ့ မျက်စေ့နဲ့ မြင်လို့ ရတဲ့ ရူပါရုံရဲ့ သဘောကို ကြည့်ရမယ်၊ မြင်ရမယ်။ အဲဒီမျက်စေ့အကြည်နဲ့ အဆင်းအာရုံနဲ့ ဆုံလိုက်တဲ့ အခါမှာ ပေါ်ပေါ်လာတဲ့ မြင်သိစိတ်ကလေးကို မြင်အောင်ကြည့်ရမယ်။ အဲဒီလို ပေါ်လာပြီးတဲ့နောက်

http://www.dhammadownload.com



မှာ ဆက်သွယ်မှုဆိုတဲ့ ဖဿ သဘော ထင်ဟပ် ပေါ်လာတယ်။

ဖဿ ဆိုတဲ့နေရာမှာ ရုပ်အချင်းချင်း ထိခိုက်တဲ့ ဖဿ က အင်မတန် သိသာတယ်။ နာမ်ချင်း ထိခိုက်တဲ့ ဖဿ က မသိသာဘူး။ သို့သော် ဖဿ ရဲ့ သဘောဟာ စဉ်းစားကြည့်နော်။ ဘယ်လို ထင်ဟပ်လာတုန်းဆိုရင် ရုပ်ခန္ဓာကိုယ်ကို လာထိတာ မဟုတ်ဘူး။ မထိပေမယ့် လို့ ဖဿ ရဲ့ သဘောဟာ ဘယ်လိုပေါ်လာတုန်းဆိုရင် လူတစ်ယောက် ဇီးဖြူသီး၊ သံပုရာသီး စားနေတာ မြင်မယ်ဆိုရင် ကျန်တဲ့လူတစ်ယောက်မှာ ဘယ်လို ခံစားရလဲ၊ သွားရည်ကျလာတယ်နော်။ အဲဒါ ဘာမှ မထိဘဲနဲ့ ခံစားရတယ်မို့လား။ အေး ဖဿ ရဲ့ သဘော က အဲဒီအတိုင်းပဲ။ ကြောက်တတ်တဲ့ လူတစ်ယောက် က ဟိုး အိမ်ခေါင်မိုးပေါ်တက်ပြီး မတ်တပ်ရပ်နေတဲ့ လူကိုကြည့်ပြီး အောက်ကနေ ဒူးတုန်နေတယ်။ အဲဒါ မျိုးက ဖဿ ရဲ့ ထိခိုက်မှုလို့ခေါ်တယ်။ အေး မြင်သိ

http://www.dhammadownload.com



စိတ် ပေါ်လာပြီးတဲ့နောက်မှာ အဲဒီလို ဆက်သွယ်မှု ဆိုတဲ့ သဘောတရားတွေဟာ ပေါ်လာ တတ်တယ်တဲ့။

ပေါ်လာပြီးတဲ့နောက်မှာ ဝမ်းသာမှု၊ ဝမ်းနည်းမှု ဆိုတဲ့ ခံစားမှုတွေ ပေါ်လာတယ်။ အဲဒီ သဘာဝတရား ကို ရှုမှတ်တာ၊ သဘာဝလက္ခဏာကို ရှေးဦးစွာ အရင် တွေ့အောင်ကြည့်၊ ကြည့်ပြီးတဲ့အခါကျတော့ စက္ခု ပသာဒ ဆိုတာလည်းမမြဲဘူး။ စက္ခုပသာဒမှာ ထင်ဟပ် လာတဲ့ ရူပါရုံ ဆိုတာကလည်း မမြဲဘူး။ မြင်သိ စိတ်ကလည်း အလွန်တိုတောင်းတဲ့ အချိန်လေးမှာ ပျက်သွားတယ်။ ဆက်သွယ်မှုဆိုတဲ့ ဖဿ ကလည်း အလွန်တိုတောင်းတဲ့ အချိန်အတွင်းမှာ ပျက်သွားတယ်။ ခံစားမှု ဆိုတာကလည်း အလွန်တိုတောင်းတဲ့ အချိန် အတွင်းမှာ ပျက်သွားတယ်ဆိုတဲ့ မမြဲတဲ့ အနိစ္စ သဘောတရား။ ပေါ်လာပြီးနောက် လုံးဝပျောက်ကွယ် သွားတယ်ဆိုတဲ့ အနိစ္စ သဘောတရားတွေကို မြင်လာ တာ။ အဲဒါ သာမညလက္ခဏာ (အများဆိုင်တဲ့ လက္ခဏာ) ကို ရှုမြင်တယ်လို့ ဒီလိုပြောတာနော်။

http://www.dhammadownload.com



အဲဒီလို မြတ်စွာဘုရားက အမြင်အာရုံနဲ့ ပတ်သက်ပြီးတော့ ဒီတရား(၆)မျိုးကို ရှုမှတ်ဖို့ ရှင်အာနန္ဒ ကို ပြောတယ်။

## သောတဒွါရဆိုင်ရာ ရှုမြင်ပုံ

ထို့အတူပဲ အကြားအာရုံနဲ့ ပတ်သက်တာက လည်း(၆)မျိုးပဲ။ အသံက နားထဲမှာ ဝင်လာတယ်။ နားထဲမှာ အသံကို ကြားလိုက်ရတယ်။ ကြားလိုက်ရတဲ့ အခါမှာ ကြားသိစိတ် ပေါ်လာတယ်။ ကြားသိစိတ် ပေါ်လာတော့ အာရုံနဲ့ ဆက်သွယ်မှုဆိုတဲ့ ဖဿ ပေါ်လာတယ်။ ပေါ်လာတာအခါ ခံစားမှုဆိုတဲ့ ဝေဒနာ ပေါ်လာတယ်။ (၅)ခုပဲ။ နားရယ်၊ အသံရယ်၊ ကြားသိစိတ်ရယ်၊ ဖဿရယ်၊ ဝေဒနာရယ် ဟော ဒီအတိုင်းပဲလာတယ်။ လူတိုင်းရဲ့ လူ့သဘာဝဟာ ဒီအတိုင်းပဲလေ။ ဘာလေး ကြားလိုက် ကြားလိုက် ဒီအတိုင်းပဲ။ တရားထိုင်နေရင်း နားက အသံတစ်ခုခု ကြားလိုက်မယ်။ ကြားလိုက်ရင် ဒီပုံစံအတိုင်းလာမှာပဲ။

http://www.dhammadownload.com



ဒါ ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်။ အာရုံစိုက်ပြီးတော့ကြည့်လေ။ နားထဲမှာ ဘာသံလေးပဲ ကြားလိုက်ကြားလိုက်။ ကြားလိုက်တာနဲ့ တစ်ပြိုင်နက် ကြားသိစိတ်ကလေးဟာ ဘွားကနဲ ပေါ်လာပြီး ပျောက်သွားတာပဲ။ အဲဒါ အာရုံလေးနဲ့ ဆက်သွယ်မှုဆိုတာလည်း ပေါ်လာတာပဲ။ ခံစားမှု ဆိုတာလည်း ပေါ်လာတာပဲ။ ကြားတဲ့အသံဟာ သာယာဖွယ်ဆိုရင် ဝမ်းသာတယ်၊ မသာယာဘူးဆိုရင် ဝမ်းနည်းတယ်ဆိုတာ ပေါ်လာတယ်။ ကြားချင်တဲ့ အသံဆိုရင် စိတ်ထဲမှာ သဘောကျသွားတယ်။ မကြားချင်တဲ့အသံ ဆိုလို့ရှိရင် စိတ်ထဲက သဘောမကျဘူး။ ဒီလိုဖြစ်သွားတယ်။

အဲတော့ အဲဒီ သဘာဝတရားတွေ အားလုံးဟာ မမြဲတဲ့ သဘာဝတရားတွေ။ မမြဲသည့်အတွက်ကြောင့် ဒုက္ခဖြစ်တဲ့ သဘာဝတရားတွေ။ ဒုက္ခဖြစ်သည့်အတွက်ကြောင့် အတ္တမဟုတ်တဲ့ သဘာဝတရားတွေကို 'ငါ၊ ငါ့ဟာ' လို့မရှုရဘူးတဲ့။ 'ငါ၊ ငါ့ဟာ' မဟုတ်ဘူးလို့ ရှုမြင်ရမယ်လို့ ဆိုတာနော်။ ဒါ ရှင်အာနန္ဒကို မြတ်စွာ

http://www.dhammadownload.com



ဘုရားကနေပြီးတော့ ဝိပဿနာ ကမ္မဋ္ဌာန်း တရားကို ဟောပေးတာ။

## ဃာနဒွါရဆိုင်ရာ ရှုမြင်ပုံ

ထို့အတူပဲ နှာခေါင်းကနေ အနံ့ကလေး ရလိုက်ပြီ။ မီးဖိုချောင်က ဟင်းချက်လို့ပေါ့နော်။ နှာခေါင်းက အနံ့ကလေးရလိုက်ပြီ၊ ငါးကြော်နံ့ရတာနဲ့ ငရုတ်သီးကြော်နံ့ရတာနဲ့ မတူလောက်ဘူးနော်။ ဟုတ်လား။ ကြက်သားကြော်အနံ့ ရတာတို့၊ ချဉ်ပေါင်ဟင်းအနံ့ ရတာတို့။ အဲဒီလို အနံ့တစ်ခု ရလိုက်ပြီဆိုတာနဲ့ တစ်ပြိုင်နက်ခုနက စဉ်ဆက်မပြတ် ဖြစ်လာတာ။ အနံ့ရယ်၊ နှာခေါင်းရယ်၊ နံ့သိစိတ်ကလေးရယ်။ ဆက်သွယ်မှုဆိုတဲ့ ဖဿလေးရယ်။ ဆက်သွယ်မှုကို အကြောင်းပြုပြီး ခံစားမှုဆိုတာလေးရယ်၊ ဪ ဒီ ငါးမျိုးလာတာပဲ။ အဲဒီ ငါးမျိုးလုံးဟာ တစ်ခုမှမြဲတာမဟုတ်ဘူး၊ အခိုက် အတန့်လေးမှာ ပျက်စီး ပျက်စီးသွားသည့်အတွက်ကြောင့် အနိစ္စပဲ။ အနိစ္စဖြစ်လို့ ဒုက္ခပဲ၊ ဒုက္ခ ဖြစ်သည့်အတွက်ကြောင့်

http://www.dhammadownload.com



အနတ္တပဲ။ အဲဒီ အနတ္တ ဖြစ်နေတဲ့ အရာတစ်ခုကို မှန်ကန်တဲ့အမြင်နဲ့ ကြည့်မယ်ဆိုရင် ငါလည်း မဟုတ်ဘူး၊ ငါ့ဥစ္စာလည်း မဟုတ်ဘူးလို့ ဒီလိုပဲ ကြည့်ရတော့မှာပဲ။ သဘာဝအတိုင်း ဖြစ်နေတာ။

ဒါ လောကလူတွေဟာ ဘယ်အချိန်ချိန်ဖြစ်ဖြစ် တွေ့နေတာပဲ။ မျက်စိနှစ်လုံး ဖွင့်လိုက်ရင် ခုနက သဘာဝတရားတွေပေါ်မလာဘူးလား။ နားစွင့်လိုက်လို့ ရှိရင်လဲ ခုနက သဘာဝတရားတွေ ပေါ်လာမှာပဲ။ နှာခေါင်းထဲက အနံ့ရလိုက်လို့ရှိရင်လဲ ခုနက သဘာဝတရားငါးခု ပေါ်လာတာပဲ။

## ဇိဝှါဒွါရဆိုင်ရာ ရှုမြင်ပုံ

အေး ထို့အတူပဲ မနက်စာစားမယ်။ နေ့လည်စာစားမယ်၊ စားပြီဆိုပါစို့။ စားလို့ရှိရင်လည်း လျှာရယ်၊ အရသာရယ်၊ လျှာက်သိစိတ်ရယ်၊ ထိတွေ့မှု ဖဿရယ်၊ ခံစားမှုဝေဒနာရယ် လာတာပဲ။ ဒါလည်းလာတယ်။ အေး၊ အဲဒီလိုလာသမျှ သဘာဝတွေကို သိအောင်

http://www.dhammadownload.com



ကြိုးစားပြီးတော့ မမြဲတဲ့သဘောတွေကို မြင်လာအောင် ကြည့်ရမယ်။ မမြဲဘူးဆိုတာနဲ့ ဆင်းရဲမှုဆိုတာလည်း သိလာတယ်။ ဆင်းရဲမှုဆိုတာ သိလာတာနဲ့တပြိုင်နက် အတ္တမဟုတ်ဘူးဆိုတာလည်း သိလာတယ်။ မှန်ကန်တဲ့ အမြင်နဲ့ ရှုမှတ်ရမယ်လို့ ဒီလိုဆိုလိုတာ။ ဒီ သဘာဝ တရားတွေဟာ ငါလို့ ပြောစရာလည်း တစ်ခုမှမရှိဘူး၊ ငါ့ဥစ္စာလို့ ပြောစရာလည်း တစ်ခုမှမရှိဘူး။ အခိုက် အတန့် အကြောင်းကြောင့် ပေါ်လာပြီး သူ့ဟာသူ ပျက် သွားတာ။ ဘာကို ငါလို့ ပြောဦးမလဲ။ ပြောလို့မရဘူး ဟုတ်ကဲ့လား။

## ကာယဒွါရဆိုင်ရာ ရှုမြင်ပုံ

အေး ထို့အတူပဲ ခန္ဓာကိုယ်နဲ့ တစ်စုံတစ်ခု လာပြီး ထိတယ် ဆိုပါစို့။ ထိတဲ့အခါမှာလည်းပဲ ဒီ သဘာဝ ငါးမျိုး ပေါ်လာတာပဲ။ ကာယပသာဒ ဆိုတာ ရှိတယ်။ ဖောဋ္ဌဗ္ဗာရုံ ဆိုတာ ရှိတယ်။ အပူနဲ့ထိရင် ပူတယ်။ အအေးနဲ့ထိရင် အေးတယ်။ အခုလို အိုက်တဲ့ နွေရာသီ

http://www.dhammadownload.com



ကြီးဆိုရင် ဟုတ်လား၊ ယပ်တောင်ခပ်လိုက်လို့ရှိရင် လေအေးလေးက ခန္ဓာကိုယ်ကိုလာမထိဘူးလား။ အေး၊ ထိတဲ့ အချိန်လေးမှာကြည့်၊ လေလေးက ဖောဋ္ဌဗ္ဗာရုံ။ ခန္ဓာကိုယ်ကြီးက ကာယပသာဒ။ ဟော ထိလိုက်တဲ့ အခါမှာ ထိသိစိတ်ကလေး၊ ဩော် အေးတယ်ဆိုတာ လေး ထိသိစိတ်ကလေး ပေါ်လာတယ်။ ပေါ်လာပြီးတဲ့ နောက်မှာ လေလေးနဲ့စိတ်နဲ့ ဆက်သွယ်မှုဆိုတဲ့ ဖဿ လေး ပေါ်လာတယ်။ အဲဒီ ဖဿလေး ပေါ်လာတဲ့ အခါ ခံစားမှု ဆိုတာလေး လိုက်လာတယ်။ မီးနား ကပ်လို့ ပူရင်လည်းပဲ ဒီအတိုင်းပဲ။ ရေချိုးတဲ့အခါမှာ လည်း ဒီအတိုင်းပဲ။ ဝိပဿနာရှုလို့ မရဘူးလား။ အေး အိုက်လွန်းလို့ ရေချိုးပြီဆိုရင် ရေအေးအေးလေး ချိုးလိုက်လို့ရှိရင် လူက သဘောမကျဘူးလား။ သဘော ကျသွားတာလဲ အဲဒီသဘောပဲ။ ခန္ဓာကိုယ်ရယ်၊ ဖောဋ္ဌဗ္ဗာရုံရယ်၊ ထိသိစိတ်ကလေးရယ်၊ အဲဒီနောက်မှာ ဖဿရယ်၊ ဝေဒနာရယ်။ ဒါပဲလာတာပဲ။ အဲဒီတော့ ဘယ်နေရာပဲဖြစ်ဖြစ် ဝိပဿနာရှုမှတ်လို့ ရတာချည်းပဲ။

http://www.dhammadownload.com



အမှတ်တမဲ့ မနေရဘူးတဲ့။ အပ္ပမာဒ ဆိုတဲ့ သတိတရားနဲ့ ထာဝရသတိရှိနေမယ်၊ သတိကပ်နေမယ် ဆိုလို့ရှိရင် ဘယ်နေရာမှာပဲဖြစ်ဖြစ် ဝိပဿနာအာရုံတွေက ပေါ်နေတာတဲ့။ မပေါ်တာက အသိဉာဏ်နဲ့ သတိမပေါ်တာ၊ ဟုတ်ကဲ့လား။ အဲဒီ သတိနဲ့ ဉာဏ် **မပေါ်တာကိုပေါ်အောင် ကြိုးစား အားထုတ်နေခြင်း သည်ပင်လျှင် တရားအားထုတ်တယ်** လို့ ပြောတာ။ အဲဒီတော့ တရားအားထုတ်တယ်ဆိုတာ ငုတ်တုတ်ကြီးထိုင်နေမှ တရားအားထုတ်တာ မဟုတ်ဘူး။ ဘယ်နေရာမှာပဲဖြစ်ဖြစ် လမ်းလျှောက်ရင်းလည်း တွေးလို့ရတယ်။ ဒီသဘာဝတရားတွေ မြင်တိုင်းမြင်တိုင်း ဩော် ဒီအတိုင်းဖြစ်နေပါလားဆိုတဲ့ အမြင်မျိုးကိုမြင်ပြီးတော့ ဒီသဘာဝတရားတွေဟာ တစ်ခုမှ မြဲတာမရှိဘူးလို့ ဒီလိုရှုမှတ်ရမယ်။

http://www.dhammadownload.com



## မနောဒွါရဆိုင်ရာ ရှုမြင်ပုံ

အေး တစ်ခါတစ်ရံကျတော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်လို့ဆိုတဲ့ ပသာဒရုပ်တွေ မပါဘူး။ မပါဘဲနဲ့ သက်သက်စိတ်ကနေ တွေးကြံပြီးတော့ ကြည့်တာလည်းရှိတယ်။ ဆိုပါစို့ မနေ့ကဖြစ်ခဲ့တဲ့ အကြောင်းအရာ၊ နက်ဖြန်ခါဖြစ်မယ့် အကြောင်းအရာတွေကို တွေးကြည့်လို့ မရဘူးလား။ အဲဒီလိုတွေးပြီးတော့ ကြည့်လိုက်တဲ့အခါကျတော့ ဘာဖြစ်တုန်းဆိုတော့ 'မန' နဲ့ 'ဓမ္မ' (စိတ်ဆိုတဲ့အခြေခံတရားနဲ့ စိတ်နဲ့ အာရုံပြုရတဲ့ 'ဓမ္မ' အာရုံ) ဆုံစည်းမှု ဖြစ်လာတယ်။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံမှတစ်ပါး ကျန်တဲ့အာရုံတွေအားလုံးကို 'ဓမ္မ' လို့ ခေါ်တာနော်။ စိတ်နဲ့သိရတဲ့ အဲဒီအာရုံတွေဟာ စိတ်ထဲမှာပေါ်လာတယ်။ ဆိုပါစို့။ စိတ်ကူးစိတ်သန်းတွေပေါ်လာတယ်။ အဲဒီမယ် 'မန' လို့ဆိုတဲ့ ဘဝင်စိတ်ရှိတယ်။ အဲဒီ ဘဝင်စိတ်ကို ထိခိုက်ပြီး ပေါ်လာတဲ့ အတွေးအာရုံတွေ ရှိတယ်။ အဲဒီ အတွေးအာရုံတွေကိုသိတဲ့ မနောဝိညာဏ်စိတ် (တွေး

http://www.dhammadownload.com



သိစိတ်)ဆိုတာ ပေါ်လာတယ်။ အဲဒီ တွေးသိစိတ်နဲ့ တစ်ပါတည်း အာရုံနဲ့ ဆက်သွယ်မှုဆိုတဲ့ 'ဖဿ'၊ 'ဝေဒနာ' ဆိုတဲ့ ခံစားမှုတွေ ဖြစ်ပေါ်လာကြတယ်။ လူတွေဟာ တွေးပြီးတော့လည်း ဝမ်းသာတာ ရှိတယ်လေ။ တစ်ချို့က ကောင်းတာလေး တွေးရရင် တစ်ယောက်တည်း ပြုံးနေတာ ရှိသေးတယ်။ မရသေးခင်က ပြုံးနေတာ ဟုတ်ရဲ့လား။ မကောင်းတာတွေတွေးပြီးတော့လည်း မဲ့နေတာတွေ ရှိသေးတယ်လေ။ အေး အဲဒါကျတော့ကြည့်။ 'မနောဝိညာဏ်' ဆိုတဲ့စိတ်ဖြစ်တာတွေပေါ့။

ရှင်အာနန္ဒ မထေရ်မြတ် တရားအားထုတ်ချင်ပါတယ်ဆိုလို့ မြတ်စွာဘုရားက မျက် စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် လို့ဆိုတဲ့ ဒွါရ(၆)ပါးမှာ ထင်ရှားဖြစ်ပေါ်လာတဲ့ အာရုံ(၆)ပါး။ ထို အာရုံ(၆)ပါးနဲ့ ဆက်သွယ်ပြီး ဖြစ်လာတဲ့ စိတ် (၆)မျိုး၊ ထိုစိတ် (၆)မျိုးနဲ့ အတူတကွ ပေါ်လာတဲ့ ဖဿ (၆)မျိုး။ ဖဿ(၆)မျိုးနဲ့ အတူ

http://www.dhammadownload.com



တကွပေါ်လာတဲ့ ဝေဒနာ (၆)မျိုး၊ အဲဒါတွေကို ရှုမှတ်ပွားများပါလို့ မြတ်စွာဘုရားက ဟောတာ။

## ဝိပဿနာဉာဏ်ဖြစ်ပုံ

အဲဒီလို ရှုမှတ်ပွားများလိုက်တဲ့အခါမှာ ဒီတရားတွေမှာ 'ငါ' လို့ တွယ်တာစရာလည်း တစ်ခုမှမရှိဘူး။ 'ငါ့ဟာ'လို့ တွယ်တာစရာလည်း တစ်ခုမှမရှိဘူး။ အဲဒီလို မြင်လိုက်တာနဲ့ တစ်ပြိုင်နက် အဲဒီထဲမှာ စွဲလမ်းစရာ တစ်ခုမှ မရှိသည့်အတွက်ကြောင့် ဒီ သဘာဝတရားတွေအပေါ် စိတ်ပျက်ငြီးငွေ့မှု ဖြစ်လာတယ်တဲ့။ ဝိပဿနာဉာဏ် မြင်လာတဲ့အခါမှာ စိတ်ပျက်ငြီးငွေ့တယ်ဆိုတာ တွယ်တာစရာ လုံးဝမရှိဘူး။ တွယ်တာစရာ မရှိသည့်အတွက်ကြောင့် တွယ်တာမှုတွေဟာ ကင်းပြတ်သွားတယ်။ ကင်းပြတ်သွားတာနဲ့ တစ်ပြိုင်နက် ကိလေသာဆိုတဲ့ အညစ်အကြေးတွေက လုံးဝလွတ်သွားတယ်။ အဲဒီကျတော့ ဒါ လွတ်မြောက်တဲ့

http://www.dhammadownload.com



စိတ်လို့ ခေါ်တယ်နော်။ တွယ်တာမှုတွေကနေ လုံးဝ လွတ်မြောက်သွားတယ်။

## မင်္ဂဖိုလ်ရပုံ

အဲဒီလို လွတ်မြောက်သွားတာနဲ့ နောက်ဆုံးမှာ မဂ်အဆင့်အဆင့်၊ ဖိုလ်အဆင့်ဆင့် ရပြီးတော့ ကိလေသာ အာသဝေါတွေ လွတ်မြောက်သွားတယ်။ ဘယ်တော့မှ မတွယ်လာတော့ဘူး။ 'တဏှာ' ဆိုတာ မလာတော့ဘူး။ 'ဒိဋ္ဌိ' ဆိုတာ မလာတော့ဘူး။ 'မာန' ဆိုတာ မလာတော့ဘူး။ ဘယ်ကိလေသာမှ မလာတော့လို့ရှိရင် စိတ်ဟာ လုံးဝ လွတ်မြောက်သွားတဲ့ ဝိမုတ္တစိတ် ဖြစ်သွားတယ်။

အဲဒီလို လုံးဝလွတ်မြောက်သွားတဲ့ စိတ်ကလေးကို ရလိုက်တာနဲ့တစ်ပြိုင်နက် အဲဒီပုဂ္ဂိုလ်ဟာ သူ့ကိုယ်သူ ရှင်းရှင်းကြီး မြင်လာတယ်တဲ့။ ဘယ်လို မြင်တုန်းဆိုရင် "နောက်ထပ် ငါဖြစ်စရာဆိုတာ ဘာမှမရှိတော့ဘူး။ နောက်ထပ် ငါ မဖြစ်တော့ဘူး။ လုပ်စရာရှိတာတွေ

http://www.dhammadownload.com



ငါလုပ်ပြီးပြီ။ မြတ်သောအကျင့်ကို ပြည့်ပြည့်ဝဝ ကျင့်ပြီးပြီ။ နောက်ထပ်ကျင့်စရာ ကုန်ပြီ၊ လမ်းဆုံးပြီ"။ ဆိုပါစို့။ ခရီးသွားတဲ့လူတစ်ယောက်ဟာ ခရီးလမ်းဆုံး ရောက်သွားလို့ရှိရင် အေး နောက်ထပ်သွားစရာ မရှိဘူး လို့ သိတယ်မို့လား။ ဩော် ဒါလမ်းဆုံးပြီလို့ သိသလိုပဲ တရားမှကျင့်တဲ့ ပုဂ္ဂိုလ်ဟာလည်းပဲ ဒါလမ်းဆုံးပြီလို့ ဆိုတာ သိတာပဲ။

လွတ်မြောက်ပြီး ထိုစိတ်ကလေးရဲ့ အဆုံးစွန်ကို ရောက်သွားတဲ့အခါမှာ ဒါလမ်းဆုံးပြီလို့ သူ့ကိုယ်သူ ဆင်ခြင်သိနိုင်တယ်လို့ မြတ်စွာဘုရားက ရှင်အာနန္ဒ အတွက် ဒီ ဝိပဿနာကျင့်စဉ်ကို ဟောလိုက်တယ်။

သို့သော် ရှင်အာနန္ဒ မထေရ်မြတ်ဟာ ဘုရား သက်တော်ထင်ရှားရှိတဲ့အချိန်မှာ တရားထူး တရားမြတ် မရဘူး။ ကျင့်တော့ ကျင့်မယ်ပေါ့။ နောက်ဆုံးမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားတယ်။ မြတ်စွာဘုရားရဲ့ ဝေယျာဝစ္စ ကိစ္စတွေ၊ ပရိယတ္တိမှုရဲ့ တာဝန်တွေနဲ့ ရှင်အာနန္ဒမထေရ်မြတ်ဟာ တရားအားထုတ်ခွင့် မရ

http://www.dhammadownload.com



ဘူး။ မရတော့ ဘုရား ပရိနိဗ္ဗာန်စံခါနီးမှာ ဝမ်းနည်းတယ်။ ဝမ်းနည်းစကား ဘုရားကို လျှောက်တယ်၊ ဘုရားကလည်း ပရိနိဗ္ဗာန်စံတော့မယ်။ ညောင်စောင်းပေါ်မှာ လဲလျောင်းနေပြီ။ ငါလည်း သောတာပန်ပဲ ရှိသေးတယ်။ ရဟန္တာ မဖြစ်သေးဘူး။ စိတ်ထဲမှာ ဝမ်းနည်းလာတယ်။ ဝမ်းနည်းလာပြီးတော့ ငိုတယ်တဲ့။ (ခုခေတ်တော့ တရားမရလို့ ငိုတဲ့သူ သိပ်မရှိဘူး ထင်ပါရဲ့ ကြည့်ရတာနော်။)

ရှင်အာနန္ဒက အဲဒါ ဝမ်းနည်းပြီးတော့ ငိုတော့ မြတ်စွာဘုရားက "အာနန္ဒာ ဘယ်သွားလဲ" လို့ မေးတယ်။ အဲဒီမှာ ငိုနေတယ်၊ ငိုနေတော့ ခေါ်ပြီး "ဘာဖြစ်လို့တုန်း" မေးတယ်။ "မြတ်စွာဘုရားလည်း ပရိနိဗ္ဗာန် စံတော့မယ်။ သူ့မှာလည်းပဲ တရားထူး တရားမြတ်က မရသေးဘူး။ အဲဒါ တွေးပြီး စိတ်ထဲမှာ ဝမ်းနည်းပါတယ်" ဆိုတော့ မြတ်စွာဘုရားက နှစ်သိမ့်စကား မိန့်ကြားတယ်။ "အာနန္ဒာတဲ့၊ မင်းမှာ ပါရမီတွေ အများကြီး ရှိပါတယ်တဲ့။ တရားအားထုတ်ပါတဲ့။

http://www.dhammadownload.com



ကြိုးစားပြီးတော့ တရားအားထုတ်လို့ရှိရင် မင်းမကြာခင်ပဲ ရဟန္တာဖြစ်မှာပါ” လို့။

အဲဒါနဲ့ ရှင်အာနန္ဒ မထေရ်မြတ်ဟာ ဘုရားပရိနိဗ္ဗာန်စံသွားပြီး သုံးလကြာတဲ့အခါ မြတ်စွာဘုရားဟောတဲ့ တရားတွေကို စုစုစည်းစည်းနဲ့ တရားတော်တွေ အကုန်လုံး စစ်ဆေးမေးမြန်းမယ့်၊ အားလုံးတိုက်ဆိုင်ညှိနှိုင်းမယ့် ပထမသံဂါယနာတင်ဖို့ အစီအစဉ် လုပ်ကြတယ်။ ရှင်အာနန္ဒ က သောတာပန်ပဲရှိသေးတယ်။ ရွေးချယ်ထားတဲ့ပုဂ္ဂိုလ်တွေက ရဟန္တာချည်း (၅၀၀) ရွေးထားတယ်။ အဲဒီ (၅၀၀)ထဲမှာ ရဟန္တာ မဖြစ်သေးတဲ့ ရှင်အာနန္ဒတစ်ပါး ပါနေတယ်။ အဲဒီအချိန်မှာ “ကျန်တဲ့ ပုဂ္ဂိုလ်တွေက ရဟန္တာတွေ၊ ဒိတ်ဒိတ်ကြဲတွေ၊ ငါတစ်ပါးတည်းကနေ သောတာပန်ဆိုရင် မဖြစ်သေးဘူး” ဆိုပြီး ရှင်အာနန္ဒဟာ ညလုံးပေါက် တရားအားထုတ်တယ်။

ရှင်အာနန္ဒက မနက်ဖြန် သံဂါယနာတင်တော့မယ်ဆို ဒီနေ့လိုည ညလုံးပေါက် တရားအားထုတ်တယ်။

http://www.dhammadownload.com



ညသန်းခေါင်ကျော်သည်အထိအောင် စင်္ကြံ သွား လိုက်၊ ထိုင်လိုက်၊ စင်္ကြံသွားလိုက်၊ ထိုင်လိုက်နဲ့ မြတ်စွာ ဘုရား ပေးထားတဲ့ နည်းလမ်းအတိုင်း ဝိပဿနာ ကျင့်စဉ်ကိုကျင့်တာ တရားထူး တရားမြတ်က မရဘူး ဖြစ်နေတယ်။ သိပ် ရချင်လွန်းအားကြီးရင်လည်း မရ တတ်ဘူးတဲ့။

## စာတတ်လို့ စဉ်းစားတတ်

အဲဒီတော့ သူ့ဟာသူ စဉ်းစားတယ်။ သူက မြတ်စွာဘုရားဟောထားတဲ့တရားတွေ အများကြီးသိတဲ့ ပုဂ္ဂိုလ်ဆိုတော့ စဉ်းစားတတ်တာပေါ့။ တစ်ချို့က ပြောတယ်။ စာတတ်လို့ရှိရင် စာခံနေလို့ တရားထူး တရားမြတ် မရဘူးလို့ပြောတယ်။ ရှင်အာနန္ဒလောက် စာတတ်တဲ့ပုဂ္ဂိုလ်ရှိဦးမလား။ မရှိဘူး။ စာတတ်လို့ရှိရင် စဉ်းစားတတ်တယ်ပေါ့။ စာက မခံပါဘူး။ ရှင်အာနန္ဒက စဉ်းစားလိုက်တယ်။ "ငါ ဘာလို့ တရားထူး တရားမြတ် မရတာတုန်း"လို့။ သန်းခေါင်ကျော်သွားပြီ၊ မနက်လင်းဖို့

http://www.dhammadownload.com



လည်း နီးလာပြီ။ ဒြောဏ် ၄ါစိတ်တွေ ပြင်းထန်နေပြီး ဝီရိယတွေ လွန်ကဲနေတယ်၊ သမာဓိက လျော့နည်းနေတယ်။ လူတွေဟာ စိတ်အားတွေ တအား မြင့်နေလို့ရှိရင်လည်း ချိန်သားမကိုက်ဘူး။ လျှပ်စစ်မီးလိုပဲ။ သိပ်မြင့်သွားလို့ Over ဖြစ်လို့ရှိရင်လည်း ပျက်သွားတတ်တယ်။ ဟုတ်ကဲ့လား။ သိပ်လျော့နေလို့ ရှိရင်လည်း မလင်းတတ်ဘူးပေါ့။ အဲဒီအတိုင်းပဲ။ စိတ်က ချိန်သားကိုက်မှ၊ အဲဒါကို ရှင်အာနန္ဒက သိတယ်။ ဝီရိယတွေ သိပ်လွန်ကဲနေရင် ဥဒ္ဓစ္စ ဖြစ်တယ်။ သမာဓိတွေ လျော့နည်းတတ်တယ်။

## ရှင်အာနန္ဒ ရဟန္တာဖြစ်ပုံ

အဲဒီတော့ ဝီရိယကို နည်းနည်းလျော့ပေးဦးမှ ဖြစ်မယ်ဆိုပြီး စင်္ကြံန်လျှောက် တရားအားထုတ်နေရင်းက ခေတ္တခဏ အနားယူမယ်ဆိုပြီး အိပ်ရာ ကျောင်းစောင်းပေါ်မှာ လှဲဖို့ရာ တင်ပလ္လင်လေး ထိုင်လိုက်တယ်။ ထိုင်ပြီးတဲ့အခါ စောင်းပြီး လှဲလိုက်တာ

http://www.dhammadownload.com



ခြေထောက်ကလည်း ကြမ်းကအကြွ၊ ခေါင်းကလည်း ခေါင်းအုံးပေါ် မရောက်ခင်ကလေး အဲဒီစပ်ကြားလေး မှာ ရဟန္တာ ဖြစ်သွားတယ်တဲ့။

ရှင်အာနန္ဒ ရဟန္တာဖြစ်ပုံက အင်မတန် ထူးဆန်း တယ်နော်။ ခေါင်းကလည်း ခေါင်းအုံးနဲ့ မထိသေးဘူး။ ခြေထောက်ကလည်း ကြမ်းပေါ်က အကြွလေး၊ ကိုယ့် ဟာကိုယ် စမ်းကြည့်ပေါ့။ အိမ်ရောက်တဲ့အခါမှာနော်၊ အိပ်ရာပေါ် ထိုင်ပြီးတဲ့အခါ လှဲအိပ်တဲ့ ပုံသဏ္ဍာန်လေး လုပ်ကြည့်ပေါ့။ အဲဒီစပ်ကြားလေးမှာ ရှင်အာနန္ဒ ရဟန္တာ ဖြစ်သွားတယ်။ အဲဒီအချိန်လေးမှာ သတိ မလွတ်ဘူး၊ ထိုင်လိုက်တဲ့ အချိန်မှာကြည့်၊ ဘာတွေ နှလုံးသွင်းနေမလဲ။ အိပ်ယာနှင့် တင်ပဆုံနှင့် ထိတဲ့ အချိန်မှာ ခုနကအတိုင်းပြောမှာပေါ့။ ကာယပသာဒ ရယ်၊ ဖောဋ္ဌဗ္ဗာရုံရယ်၊ ကာယဝိညာဏ်စိတ်ရယ်၊ ဖဿ ရယ်၊ ဝေဒနာရယ်၊ ဒီ တရား(၅)မျိုး သတိထားမှာ ပေါ့နော်။ အဲဒီလို ရှုမှတ်နေရင်းက ရှင်အာနန္ဒ မထေရ် မြတ်ဟာ ခေါင်းကလည်း ခေါင်းအုံးနဲ့မထိသေးခင်၊

http://www.dhammadownload.com



ခြေထောက်ကလည်း ကြမ်းက အကြွလိုက်အချိန်မှာ ရဟန္တာ ဖြစ်သွားတယ်တဲ့။

ဒါ ရှင်အာနန္ဒ ရဟန္တာဖြစ်တော့ သက်တော် (၈၀)ပြည့်ပြီ။ ဘုရားပရိနိဗ္ဗာန်စံလို့ (၃)လ ကျော်တဲ့အခါ ရဟန္တာဖြစ်တယ်။ အေး ရှင်အာနန္ဒ မထေရ်မြတ်ဟာ သက်တော် ၁၂၀ ထိအောင် သက်ရှည်တယ်။ သာသနာတော်ရဲ့အကျိုး၊ မြတ်စွာဘုရား ဟောပြတဲ့ ဓမ္မရဲ့တာဝန်တွေကို စွမ်းစွမ်းတမံ ထမ်းဆောင်သွားတဲ့ ရှင်အာနန္ဒ မထေရ်မြတ်ဟာ နောက်ဆုံးအချိန် **ကောဠိဂါမ** ဆိုတဲ့နေရာမှာ သီတင်းသုံးတယ်။ ရောဟိနီ မြစ်အနီး မြစ်ကမ်းနှစ်ဖက်မှာ ဟိုဘက်က ရွာတစ်ရွာ၊ ဒီဘက်က ရွာတစ်ရွာရှိတယ်။ အဲဒီနှစ်ရွာက ရှင်အာနန္ဒ ကို ဝတ်ကြီး ဝတ်ငယ် ပြုကြတယ်။

## အရှင်အာနန္ဒ ပရိနိဗ္ဗာန်ပြုပုံ

နောက်ဆုံး သက်တော် (၁၂၀) ပြည့်တဲ့အခါမှာ ဟိုဘက်ကမ်းက လူတွေကလည်း သူတို့ရွာ သူတို့ဖက်

http://www.dhammadownload.com



မှာပဲ ပရိနိဗ္ဗာန်စံပါ၊ ဒီဖက်ကမ်းက လူတွေကလည်း ဒီဘက်ကမ်းမှာပဲ ပရိနိဗ္ဗာန်စံပါလို့ဆိုတော့ ရှင်အာနန္ဒက ဒကာ ဒကာမ တွေက နှစ်ဖက်လုံး ရင်းနှီးတဲ့ သူတွေဖြစ်တော့ ဟိုဘက်လည်း ပရိနိဗ္ဗာန်စံဖို့ခက်၊ ဒီဘက်လည်း ပရိနိဗ္ဗာန်စံဖို့ခက်တော့ မြစ်အလယ်က ကောင်းကင်ယံမှာ ပရိနိဗ္ဗာန်စံတယ်။ ရှင်အာနန္ဒဟာ ရဟန္တာဖြစ်တာလည်း ထူးဆန်းတယ်။ ပရိနိဗ္ဗာန် စံတာလည်း ထူးဆန်းတယ်။ ကောင်းကင်မှာ ပရိနိဗ္ဗာန် စံတာနော်။ ကောင်းကင်မှာ ပရိနိဗ္ဗာန်စံပြီး ကောင်းကင် မှာပဲ ခန္ဓာကိုယ်က မီးတောက်တွေ ထပြီးတောက် တယ်။ ရုပ်ကလာပ် မီးလောင်ကျွမ်းသွားပြီး အရိုးဓာတ် တွေဟာ ဟိုဘက်တစ်ခြမ်း ဒီဘက်တစ်ခြမ်း ကျတယ် တဲ့။ ဟိုဘက်ရွာ တစ်စု၊ ဒီဘက်ရွာ တစ်စု ကျတယ်။ ဒါဟာ ရှင်အာနန္ဒ မထေရ်မြတ်ရဲ့ ဝိပဿနာ တရားနဲ့ သူ့ဘဝအဆုံးသတ်သွားပုံ ဖြစ်တယ်။

http://www.dhammadownload.com



## နိဂုံးချုပ်

အေး တရားချစ်ခင် သူတော်စင် ပရိသတ်တို့သည် ရှင်အာနန္ဒ မထေရ်မြတ်နဲ့ ရှင်အာနန္ဒမထေရ်မြတ်ရဲ့ ဝိပဿနာတရား နာကြားကြရပြီ။ ရှင်အာနန္ဒ ပွားများ အားထုတ်သွားတဲ့ ဝိပဿနာတရားဆိုတာ တခြား မဟုတ်ဘူး။ ဟောဒီ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါးပေါ် ရှုမှတ်ခြင်းပဲဖြစ်တယ်။ မြတ်စွာဘုရား ဟောကြားထားတဲ့အတိုင်း ဒွါရ (၆)ပါး၊ အာရုံ (၆)ပါး၊ ဝိညာဉ် (၆)ပါး၊ ဖဿ (၆)ပါး၊ ဝေဒနာ (၆) ပါးဆိုတဲ့ ဆက်သွယ် ဖြစ်ပေါ်လာတဲ့ ဒီသဘာဝ တရားတွေကို ရှုမှတ်ရင်း ဝိပဿနာဉာဏ် အဆင့်ဆင့် တက်ပြီး ကိလေသာ အာသဝေါတွေ ကုန်ခမ်းတဲ့ ရဟန္တာအဖြစ် ရောက်သွားတယ် ဆိုတာကို သိရှိ ကြည်ညိုကြရပြီ။ မိမိတို့လည်း ဝိပဿနာတရား အားထုတ်လို့ရှိရင် ဒီရှုမှတ်ဖွယ်ရာ အာရုံတွေနဲ့ပဲ တရားအားထုတ်ကြရမှာဖြစ်တယ်လို့ ကိုယ်စီကိုယ်ငှ

http://www.dhammadownload.com



သဘောကျပြီး ရှင်အာနန္ဒ မထေရ်မြတ်ကဲ့သို့ တရားထူး တရားမြတ်ရအောင် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု

http://www.dhammadownload.com

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များက ရေးကူးကာ စာမူများကို ဆရာတော်ကြီးထံပေးပို့ကြပါသည်။ ဆရာတော်ကြီး ကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်း လိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

http://www.dhammadownload.com

# ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း ၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊
မြေအောက်ထပ်။
ဖုန်း ၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

http://www.dhammadownload.com

# အရှင်နန္ဒမာလာဘိဝံသ

## ၏

## ထုတ်ဝေပြီး ဓမ္မစာအုပ်များ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်

http://www.dhammadownload.com

၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာအသင်းသူ/သားများ၏ အမေးကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ

http://www.dhammadownload.com

# မွမှာစာပေပြန့်ပွားရေး
# ထာဝရပဒေသာပင် အလှူရှင်များ

| | | |
|---|---|---|
| ၁။ | အနှစ်ငါးပါးနှင့် ကျေးဇူးရှင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တနန္ဒမာလာဘိဝံသ(Ph.D)တို့ကို ဦးထိပ်ထားလျက် ဘိုးဘွားမိဘဆွေမျိုးများနှင့် ဦးတင်စိုးတို့ကို ရည်စူး၍ ဒေါ်လှခင်မိသားစု။ (ကိုကျော်သင်းဆေးဆိုင်)မင်္ဂလာဈေး။ | ၁၀၀,၀၀,၀၀၀ |
| ၂။ | ဦးအုန်းကျော်+ဒေါ်ခင်မမ သား မောင်မြတ်မင်းထင်ကျော်၊ မောင်ရဲမင်းသွင်ကျော် သမီး မကြည်လဲ့ရှန်းကျော် မိသားစု။ | ၅၀,၀၀,၀၀၀ |
| ၃။ | ဒေါက်တာမြမြဝင်း ဒေါက်တာဆန်းဆန်းဝေ အမှတ် ၁၁၃(ဘီ)၊ မြေညီ၊ လမ်း(၂၀)၊ လသာ။ | ၇,၀၀,၀၀၀ |
| ၄။ | ဦးမြင့်သန်း+ဒေါ်ခင်မမ ရှမ်းဗမာပွဲရုံ၊ မန္တလေးမြို့။ | ၅,၀၀,၀၀၀ |
| ၅။ | ဦးခင်ရွှေ+ဒေါ်မေလှိုင် မိသားစု။ | ၃,၀၀,၀၀၀ |
| ၆။ | Singapore မှ အလှူရှင်များ | ၃,၀၀,၀၀၀ |
| ၇။ | ဦးချစ်မွေး+ဒေါ်မြင့်မြင့်ရီ သား မောင်ဝေလျှံဦး။ သမီး မမေမြတ်သူနိုင် မိသားစု | ၃,၀၀,၀၀၀ |

http://www.dhammadownload.com

| | | |
|---|---|---|
| ၈။ | ဦးသောင်းဌွေး+ဒေါ်ခင်စောဝင်း မိသားစု | ၃,၀၀,၀၀၀ |
| | သား-မင်းသောင်းခန့်၊ ကျော်ညီညီခန့်။ (၇)မိုင်ခွဲ | |
| ၉။ | ဦးညီညီ+ဒေါ်မြင့်မြင့်ခင် မိသားစု၊ အလုံ | ၂,၀၀,၀၀၀ |
| ၁၀။ | မိဘများအား ရည်စူး၍ | ၂,၀၀,၀၀၀ |
| | ဦးမြင့်အောင်+ဒေါ်သန်းသန်းဝင်း၊ | |
| | သား ကိုသူရိန်အောင်၊ သမီး ဆုမွန်ချမ်းအောင် | |
| | မိသားစု။ ဒိုက်ဦး | |
| ၁၁။ | ဘိုးဘွားမိဘများနှင့် ဦးကြည်လွင်အား ရည်စူး၍ | ၂,၀၀,၀၀၀ |
| | ဒေါ်စောတင်အေး မိသားစုကောင်းမှု။ | |
| | တိုက် ၁၅၊ အခန်း ၄၀၁၊ အောင်သပြေလမ်း။ | |
| | ယုဇနပလာဇာအနောက်၊ မင်္ဂလာတောင်ညွန့်။ | |
| ၁၂။ | ဦးစံသာ+ဒေါ်မေဦးခင်၊ သမီး - စံသာရတနာ | |
| | သား - မောင်စံသာသုခ မိသားစု။ | ၁,၅၀,၀၀၀ |
| ၁၃။ | ဒေါ်စိန်းကြည်၊ တူမ မနနယဉ်၊ တူ မောင်အောင်ဖုန်း | ၁,၁၁,၀၀၀ |
| ၁၄။ | ရွှေပြည်ဟိန်းဆရာတော်ဓမယ်တော်ကြီး ဒေါ်အမာ။ | ၁,၀၀,၀၀၀ |
| ၁၅။ | ဦးမြဟန်+ဒေါ်သီတာစိ မိသားစု။ | ၁,၀၀,၀၀၀ |
| ၁၆။ | ကိုကျော်ဆန်းလွင်+ဒေါ်မြင့်မြင့် | ၁,၀၀,၀၀၀ |
| | သမီး မမြပန်းအေး၊ မပူးပွင့်ဟန် | |
| ၁၇။ | ဦးအောင်+ဒေါ်လှစိန် | ၁,၀၀,၀၀၀ |
| | အောင်သပြေ ငါးခြောက်ရောင်းဝယ်ရေး မုံရွာမြို့။ | |

http://www.dhammadownload.com

၁၈။ ဦးဝင်းမြင့်+ဒေါ်ခင်မေဝင်း ၁,၀၀,၀၀၀
နေ-လ ဆေးဆိုင်၊ အလယ်ရပ်၊ မုံရွာမြို့။
၁၉။ ဖခင်ကြီးဦးသိန်းကြည်အား ရည်စူး၍ မိခင်ကြီး
ဒေါ်သန်းကြည်အား အမှူးထားလျက်
ဒေါ်မြသိန်းနှင့် မောင်နှမတစ်စု(ရန်ကုန်) ၁,၀၀,၀၀၀
၂၀။ ဦးရဲမြင့်+ဒေါ်သန်းသန်းနွယ် မိသားစု ၁,၀၀,၀၀၀
ကမာရွတ်မြို့နယ်။
၂၁။ ရွှေတောင်ဦးမှော်-ဆရာတော်(စစ်ကိုင်း) ၁,၀၀,၀၀၀
၂၂။ ဦးကျော်မြင့်အား ရည်စူး၍ ၁,၀၀,၀၀၀
ဒေါ်သိန်းသိန်းမြင့် မိသားစု၊ ကျောက်မြောင်း။
၂၃။ ဦးခင်မောင်လွင်+ဒေါ်ခင်ပြုံး မိသားစု ၁,၀၀,၀၀၀
၂၄။ မိဘများနှင့် ဦးငွေသိန်းတို့ကို ရည်စူး၍ ၁,၀၀,၀၀၀
ဒေါ်ရွှယ်လီ၊ သား ကိုရန်နိုင်ဗိုလ်+မခိုင်ရီမွန်
မိသားစု။ ဒိုက်ဦး
၂၅။ ဦးဝင်းထွန်းသိန်း+ဒေါ်ကြူကြူသင်း ၁,၀၀,၀၀၀
သမီး မေပွးခင်၊ စုရတီ မိသားစု၊ ဝါးတန်းလမ်း။
၂၆။ ဒေါ်ညိုညိုလွင်၊ ဒေါ်ခင်လှတင် ၁,၀၀,၀၀၀
၂၇။ ဦးသင်းအောင်+ဒေါ်စန္ဒာဝင်းအောင် ၁,၀၀,၀၀၀
သမီး-မပိုးဝိုင်းပြည့်၊ သား-မောင်ထိန်လင်း

http://www.dhammadownload.com

| | | |
|---|---|---|
| ၂၈။ | ဦးဝင်းလွင်+ဒေါ်ဖြူဖြူဝင်း<br>သား-မောင်အောင်ထွန်းကျော်၊ မောင်ပြည့်ဖြိုးမင်း။<br>သမီး-မခင်ငြိမ်းချမ်းဝင်း | ၁,၀၀,၀၀၀ |
| ၂၉။ | မိဘများဖြစ်သော ဦးလှလှ+ဒေါ်ခင်သိန်းတို့ကိုရည်စူး၍<br>ဒုတိယဗိုလ်မှူးကြီးကိုကိုကြီး+ဒေါ်စပယ်လှ မိသားစု။ | ၁,၀၀,၀၀၀ |
| ၃၀။ | မိဘနှစ်ပါးအား ရည်စူး၍ သမီး ဒေါ်ညိုညို<br>၇၄၊ လိပ်ကန်လမ်း။ ပုဇွန်တောင်မြို့နယ်။ | ၅၀,၀၀၀ |
| ၃၁။ | မသန်းသန်းဝင်း။ မမေသက်ဝေ၊ ရန်ကုန်။ | ၅၀,၀၀၀ |
| ၃၂။ | မိခင် ဒေါ်ခင်နှင်းရီအား ရည်စူး၍<br>ဦးသန်းလွင်နှင့်သမီး မခင်ခင်စု၊<br>နှင်းစာပေရတနာ ဓမ္မစာပေဖြန့်ချီရေး | ၅၀,၀၀၀ |
| ၃၃။ | ဦးတင်ထွန်း+ဒေါ်ခင်ခင်ဦး။ သမီး မခင်ဖြူထွန်း။<br>သား မောင်သိန်းထွန်းအောင် မိသားစု။ | ၅၀,၀၀၀ |
| ၃၄။ | ဒေါက်တာနွဲ့တင်ထွင် နှင့် အဖွဲ့ | ၅၀,၀၀၀ |
| ၃၅။ | ဒေါက်တာဦးစိုးလွင်+ဒေါ်လှလှချော မိသားစု | ၅၀,၀၀၀ |
| ၃၆။ | ဦးမောင်မောင်လေး+ဒေါ်မြသန်းအား ရည်စူး၍<br>သားသမီးမြေးတစ်စုကောင်းမှု။ ၄၄-စမ်းချောင်းလမ်း | ၅၀,၀၀၀ |
| ၃၇။ | နှစ်ဖက်မိဘများအား အမှူးထား၍<br>(ဦးခင်ဝင်း)+ဒေါ်သီတာတင်၊ သမီး မချောနန္ဒာ၊<br>မမေဟိန်းထက်၊ သား-မောင်ကောင်းဆက်၊ စမ်းချောင်း။ | ၅၀,၀၀၀ |

http://www.dhammadownload.com

၃၈။ ဒေါ်ကြူကြူ(မမွေဟျူဟာ)မွေးနေ့အထိမ်းအမှတ်အလှူ။ ၅၀,၀၀၀

၃၉။ ဦးအောင်မြင့်+ဒေါ်မြမြသိန်း မိသားစု။ ၅၀,၀၀၀
ရတနာသိဒ္ဓိရွှေဆိုင်၊ မြောင်းမြမြို့။

၄၀။ ခင်ပွန်း ဦးတင်အောင်နှင့် သမီးငယ် ၃၀,၀၀၀
မိမိအောင်တို့အား ရည်စူး၍ ဒေါ်တင်တင်ဝင်းမိသားစု။

၄၁။ ဦးမြင့်သိန်း+ဒေါ်ဆွေဆွေ၊ သမီး ဒေါက်တာသိရိရွှေစင်၊ ၃၀,၀၀၀
သား-မောင်ပုန်းပြည့်အောင် မိသားစု။

၄၂။ မသူသူလင်ဦး၊ ဒေါ်သက်ထား၊ မချိုချိုသိ ၃၀,၀၀၀

၄၃။ ဦးလှကြည်+ဒေါ်စောခိုင် မိသားစု ၃၀,၀၀၀

၄၄။ ဒေါ်ရွှေသန်း မိသားစု၊ လမ်းမတော်။ ၃၀,၀၀၀

၄၅။ ဦးမောင်လေး+ဒေါ်မြသန်းအား ရည်စူး၍ ၃၀,၀၀၀
သားသမီးမြေးတစ်စုကောင်းမှု။ ၄၄၊ စမ်းချောင်းလမ်း။

၄၆။ ဒေါ်သစ္စဝတီ၊ စစ်ကိုင်း ၂၀,၀၀၀

၄၇။ မောင်ရဲမင်းဦး၊ မောင်ကျော်မြတ်နိုင်၊ မောင်သီဟ ၁၅,၀၀၀
သူငယ်ချင်းတစ်စု။

၄၈။ ကြီးဒေါ် ဒေါ်တင်အေး (၁၀ နှစ်ပြည့်)၊ မောင်လေး ၁၅,၀၀၀
မောင်ဝင်းအောင်(၁)မောင်သန်းဝင်း(၁ နှစ်ပြည့်)အား
ရည်စူး၍။ ၁၉၊ ပုသိမ်လမ်း၊ စမ်းချောင်း။

၄၉။ ပခင်ကြီး ဦးအောင်ပေ (၂၃ နှစ်ပြည့်)၊ မိခင်ကြီး ၁၅,၀၀၀
ဒေါ်ခင်ထွေး(၈ နှစ်ပြည့်)အား ရည်စူး၍။
၁၉၊ ပုသိမ်လမ်း၊ စမ်းချောင်း။

http://www.dhammadownload.com

| | | |
|---|---|---|
| ၅၀။ | ကိုကျော်ထွေး+မဝင်းစိုး၊ သား မောင်မျိုးသိန်းကျော် လပွတ္တာမြို့။ | ၁၅,၀၀၀ |
| ၅၁။ | ဒေါ်သန်းစိန်၊ ဒေါ်အေးအေးသန်း၊ ပြည်တော်သာလမ်း | ၁၁,၀၀၀ |
| ၅၂။ | ဒေါ်ရှုဟုန်၊ ဒေါ်နေဇင်ဦး၊ ဒေါ်ကေသီဦး၊ ဒေါ်နန်းကြည်ထွေး မိသားစု။ | ၁၀,၅၀၀ |
| ၅၃။ | ဒေါ်ဓမ္မဒိန္နာ B.A.Student | ၁၀,၀၀၀ |
| ၅၄။ | ဦးကံညွန့်+ဒေါ်ဝင်းကြည် မိသားစု(ရန်ကင်း) | ၁၀,၀၀၀ |
| ၅၅။ | မောင်မင်းမင်းသိုက်+မနှင်းခက်မော် မိသားစု | ၁၀,၀၀၀ |
| ၅၆။ | ဦးဝင်းဖေသန်း+ဒေါ်ခင်မြတ်နွယ်၊ သား-မောင်ဝေဖြိုးသန့် မိသားစု | ၁၀,၀၀၀ |
| ၅၇။ | မပိုပို မိသားစု | ၁၀,၀၀၀ |
| ၅၈။ | ဒေါ်ညွန့်ညွန့်ရီ(တောင်သာ)(Level-III သင်တန်းသူ) အပြည်ပြည်ဆိုင်ရာအဘိဓမ္မာတက္ကသိုလ်၊ ကမ္ဘာအေး | ၁၀,၀၀၀ |
| ၅၉။ | ကျေးဇူးရှင်များအား အမှူးထား၍ ဒေါ်သန္တာဝင်းအောင် | ၁၀,၀၀၀ |
| ၆၀။ | ဦးကျော်ကျော်+ဒေါ်ရှုရီ၊ သမီး-ပတ္တမြားအင်ကြင်း မြောက်ဥက္ကလာ။ | ၁၀,၀၀၀ |
| ၆၁။ | တူမ ရွှေရည်လင်း အား ရည်စူး၍ ဦးသန်းဇော် ကောင်းမှု၊ မန္တလေး။ | ၁၀,၀၀၀ |
| ၆၂။ | မကြေးမုံမင်းထွဋ်၊ မောင်ရဲမာန်မင်းထွဋ် မောင်နမ | ၅,၀၀၀ |
| ၆၃။ | ကိုကျော်မြင့်+ဒေါ်ခင်အေးခိုင် မိသားစု။ | ၅,၀၀၀ |